❀ ဆဋ္ဌအကြိမ်မှ

ဆရာတော်ကြီးများ၏ အရေးအတွက်ကို ဖတ်ကြားလျှောက်ထားပြီး အစည်းအဝေး အထမြောက်ကြောင်း ကြေညာတော်မူသည်။

ထို့နောက် သဘာပတိဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရက အစည်းအဝေးဖွင့် သာရဏီယ ဩဝါဒကထာကို မြွက်ကြားတော်မူသည်။

(သဘာပတိဆရာတော်၏ အစည်းအဝေးဖွင့် သာရဏီယဩဝါဒကထာကို စာမျက်နှာ ၄ တွင် ဖော်ပြထားပါသည်။)

ယင်းနောက် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်က သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။

(ဝန်ကြီး၏ သာသနာရေးဆိုင်ရာ လျှောက်ထားလွှာကို စာမျက်နှာ ၄ တွင် ဖော်ပြထားပါသည်။)

ဆက်လက်၍ ဆဋ္ဌအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (တတိယအဖွဲ့ခွဲ)၏ တတိယအကြိမ် တာဝန်ကျရာ ကာလအတွင်းဆောင်ရွက်ချက် အစီရင်ခံစာ အကျဉ်းကို တာဝန်ကျအဖွဲ့ခွဲ၏ကိုယ်စား တွဲဖက်အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဇောတိကာဘိဝံသက တင်သွင်းလျှောက်ထားသည်။

ထို့နောက် ဆဋ္ဌအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (တတိယအဖွဲ့ခွဲ)၏ ဒုတိယအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက် အစီရင်ခံစာကို အဖွဲ့ဝင်ဆရာတော်များက ကဏ္ဍအလိုက်တင်သွင်းလျှောက်ထားကြပြီး နံနက်ပိုင်း အစီအစဉ်များကို ခေတ္တရပ်နားသည်။

မွန်းလွဲ ၁ နာရီတွင် အစည်းအဝေးကို ပြန်လည်ကျင်းပရာ ဝိနိစ္ဆယရေးရာ၊ သာသနာရေးရာနှင့် ပညာရေးရာကိစ္စရပ်များကို နိုင်ငံတော် သံဃမဟာနာယကအဖွဲ့-အဖွဲ့ဝင်ဆရာတော်ကြီးများက တင်ပြဆွေးနွေး ဆုံးဖြတ်တော်မူကြပြီး ပထမနေ့ အစည်းအဝေးကို ရပ်နားလိုက်သည်။

ဆဋ္ဌအကြိမ် နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့ (၄၇)ပါးစုံညီ သတ္တမအစည်းအဝေးသို့ ကြွရောက်တော်မူလာကြသော ဆရာတော်ကြီးများအား ရန်ကုန်မြို့ ဗဟန်းမြို့နယ် ပါရမီရိပ်သာနေ အလှူရှင်ဒေါ်မြင့်မြင့်သိန်း၊ ဒေါ်ခင်ဝင်းမြင့်နှင့်ညီအစ်မ မိသားစုတို့က နိုင်ငံတော်သံဃမဟာနာယက ဆွမ်းစားဆောင်၌ နေ့ဆွမ်းဆက်ကပ် လှူဒါန်းကြသည်။ (သတင်းစဉ်)

ဆဋ္ဌအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ သတ္တမ အစည်းအဝေး ကျင်းပစဉ်။ (သတင်းစဉ်)

❍ အာကာသမှ

ကမ္ဘာမြေပြင်သို့ ပြန်လည်ယူဆောင်လာခဲ့ကြောင်း၊ ခြင်၏ ခြေချောင်းလေးများမှာ ယခုအချိန်အထိ လှုပ်ရှားနိုင်ဆဲပင်ဖြစ်ကြောင်း ရုရှားသိပ္ပံအကယ်ဒမီ ဒုတိယဥက္ကဋ္ဌ အန်နာတိုလီ ဂရီဂေါ်ယက်ဗ်က ရုရှားနိုဗိုစတီ သတင်းဌာနသို့ ပြောကြားသည်။

အဆိုပါခြင်နှင့်အတူ ဘက်တီးရီးယားပိုးမွှားများ၊ ဘာလီစေ့များ၊ ကဏန်းကောင်လေးများနှင့် ပိုးတုံးလုံးအဆင့်ရှိ အင်းဆက်ပိုးမွှားများကို လှောင်ကန်အတွင်း ထည့်သွင်းကာ အာကာသအတွင်း စမ်းသပ်မှုများပြုလုပ်ခဲ့သည်။

အဆိုပါခြင်သည် ကမ္ဘာမြေပြင်အထက် မိုင် ၂၀၀ ခန့်အကွာ ဆွဲအားကင်းမဲ့သော အာကာသဟင်းလင်းပြင်အတွင်း ရှိနေသည့် အာကာသစခန်းယာဉ်၏ ပြင်ပလှောင်ကန်တွင် အစာမရရှိဘဲ နေထိုင်ခဲ့ရကြောင်း၊ ယင်းခြင်သည် အာကာသအတွင်း ဖြာထွက်နေသော ရောင်ခြည်လှိုင်းများ၏ ရိုက်ခတ်မှုနှင့်လည်း တွေ့ကြုံရသည့်အပြင် အလွန်ပြင်းထန်သည့် အပူချိန်ဒဏ်ကိုလည်း ခံစားခဲ့ရကြောင်း ၎င်းကပြောကြားသည်။ အာကာသစခန်းယာဉ်၏ အပူချိန်မှာ အနုတ် ၂၃၀ ဒီဂရီ ဖာရင်ဟိုက်မှ ၁၄၀ ဒီဂရီ ဖာရင်ဟိုက် အထိ အတက်အကျ ဖြစ်ပေါ်တတ်သည်။

ရုရှားသိပ္ပံအကယ်ဒမီအောက်ရှိ ဆေးဘက်နှင့် ဇီဝဗေဒဆိုင်ရာ ပြဿနာများ လေ့လာရေးသိပ္ပံမှ သိပ္ပံပညာရှင်များသည် သက်ရှိသတ္တဝါများ၏အာကာသရောင်ခြည်လှိုင်းဒဏ်ခံနိုင်မှု အခြေအနေကို လေ့လာခဲ့ကြသည်။

ရုရှားသိပ္ပံပညာရှင်များသည် ဂျပန်သုတေသီများနှင့်အတူ ဇီဝဗေဒ လေ့လာမှုနယ်ပယ်ကို အာကာသအထိ တိုးချဲ့လျက်ရှိသည်။

အင်တာနက်။

▲ ရွှေဖိုးမှ

ထောက်ပံ့ငွေများကို ပေးအပ်သည်။ ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် တနင်္သာရီတပ်နယ် မိသားစုများအတွက် စောင်များ၊ အဝတ်အထည်များနှင့် လက်ဆောင်ပစ္စည်းများကို ပေးအပ်သည်။

ထို့နောက် တနင်္သာရီ-ဘုတ်ပြင်းကားလမ်းရှိ တမုတ်ချိုးချောင်းတံတား၏ ကြံ့ခိုင်မှုအခြေအနေများကို လည်းကောင်း၊ တနင်္သာရီ-ဘုတ်ပြင်းကားလမ်း မိုင်တိုင်အမှတ် ၈၆/၅မိုင်နှင့် ၈၆/၆မိုင်တို့၌ အမာခံကျောက်သားခင်းခြင်းနှင့် ကတ္တရာခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ဒုတိယဗိုလ်ချုပ်ကြီးသာအေးက လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး သာအေးနှင့်အဖွဲ့ဝင်များသည် တနင်္သာရီ-ဘုတ်ပြင်းလမ်းစီမံကိန်းပွိုင့် (၁၀၂၀) စခန်းသို့ ရောက်ရှိကြရာ အင်ဂျင်နီယာမှူးများနှင့် တာဝန်ရှိသူများက တနင်္သာရီ-ဘုတ်ပြင်းလမ်းကို လမ်းပိုင်းအလိုက် တာဝန်ယူ၍ တိုးချဲ့ဖောက်လုပ်ခြင်း၊ ကျောက်ခင်းခြင်း၊ ကတ္တရာခင်းခြင်းနှင့် တံတားများတည်ဆောက်ခြင်း လုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ဒုတိယဗိုလ်ချုပ်ကြီးသာအေးက လမ်းစီမံကိန်းများကို သတ်မှတ်ရက်အတွင်း ပြီးစီးအောင် ဆောင်ရွက်ကြရန် မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး သာအေးနှင့်အဖွဲ့ဝင်များသည် ပြည်ကြီးမဏ္ဍိုင်မြို့ စုပေါင်းခန်းမ၌ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေး အသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် ဒေသခံတိုင်းရင်းသား ပြည်သူများအား တွေ့ဆုံကြသည်။

ရှေးဦးစွာ တာဝန်ရှိသူများက ပြည်ကြီးမဏ္ဍိုင်မြို့၏ ကဏ္ဍအလိုက် ဒေသအတွင်း ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်း အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ဒုတိယဗိုလ်ချုပ်ကြီးသာအေးက အမှာစကားပြောကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး သာအေးသည် ပြည်ကြီးမဏ္ဍိုင်မြို့ပြည်သူ့ဆေးရုံသို့ရောက်ရှိ၍ လူနာများအား အားပေးစကားပြောကြားပြီး ထောက်ပံ့ငွေများကိုပေးအပ်ကာ ခွဲစိတ်ခန်းနှင့် ဆေးသိုလှောင်ခန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး သာအေးသည် ပြည်ကြီးမဏ္ဍိုင်တပ်နယ်သို့ ရောက်ရှိ၍ တပ်မိသားစုများနှင့် တွေ့ဆုံကာ အားပေးစကားပြောကြားပြီး စောင်များ၊ အဝတ်အထည်များနှင့် စားသောက်ဖွယ်ရာများကို ပေးအပ်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး သာအေးနှင့် အဖွဲ့ဝင်များသည် ယုဇနကုမ္ပဏီ၏ ချောင်းမွန် ဆီအုန်းပျိုးခင်းသို့ ရောက်ရှိကြ၍ ဆီအုန်းပျိုးပင်များကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယဗိုလ်ချုပ်ကြီး သာအေးက လိုအပ်သည်များကို တာဝန်ရှိသူများအားမှာကြားသည်။ (သတင်းစဉ်)

❀ ရန်ကုန်မြို့မှ

ထို့နောက် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်က ရန်ကုန်မြို့ ဆင်ခြေဖုံးဒေသများ၌ ယာဉ်သွားလာမှုများပြားပြီး ဘတ်စ်ကားမှတ်တိုင်များ စနစ်တကျ ဆောက်လုပ်ပေးရန်နှင့် ပြည်သူများ အကျိုးရှိစွာအသုံးပြုနိုင်ရေး စနစ်တကျ ဆောင်ရွက်သွားရန်လိုကြောင်း။

နွေရာသီကာလတွင် အမှိုက်များအား အချိန်မီ သိမ်းဆည်းရန်နှင့် မိုးမကျမီ ရန်ကုန်မြို့ရှိ အဓိကရေမြောင်းများအား ဆယ်တင်ရှင်းလင်းသွားရန်လိုကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ယင်းနောက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းက မီးပွိုင့်များ အဆင့်မြှင့်တင်ဆောင်ရွက်နေမှု၊ သတိပေးသင်္ကေတများရေးဆွဲနေမှု၊ ရေမြောင်းများ ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်နေမှု၊ဆင်ခြေဖုံးရပ်ကွက်များနွေရာသီတွင် သောက်သုံးရေ အခက်အခဲဖြစ်ပေါ်ပါက ကူညီပေးမည့် အစီအစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ရန်ကုန်မြို့တော်အတွင်းရှိ အဆောက်အအုံများ သန့်ရှင်းသပ်ရပ်ရေးနှင့် သစ်လွင်တောက်ပရေး လုပ်ငန်းကော်မတီ၊ မြို့တော်အတွင်းရှိ တံတားများ၊ လမ်းများကောင်းမွန်ရေးနှင့် မြို့တော်သန့်ရှင်းရေး လုပ်ငန်းကော်မတီ၊ ပန်းခြံများအား သန့်ရှင်းသာယာလှပပြီး အဆင့်မြင့်တင်ရေးနှင့် လမ်းဘေးဈေးသည်များ စည်းကမ်းထိန်းသိမ်းရေး လုပ်ငန်းကော်မတီ၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်နယ်မြေအတွင်း သန့်ရှင်းသာယာလှပရေးနှင့် စည်းကမ်းထိန်းသိမ်းရေး လုပ်ငန်းကော်မတီ၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မြင့်ကွင်းတင့်တယ်စေရေးနှင့် ရန်ကုန်မြို့အတွင်း မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနပိုင် လမ်းများကောင်းမွန်ရေး၊ဆောက်လက်စအဆောက်အအုံများ ပြီးစီးရေး လုပ်ငန်းကော်မတီ၊ မြို့တော်အတွင်း ထုတ်ပြန်ထားသည့် ညွှန်ကြားချက်များ လိုက်နာရေးနှင့် စည်းကမ်းထိန်းသိမ်းရေး လုပ်ငန်းကော်မတီ၊ ရန်ကုန်မြို့တော်ကျန်းမာရေးဆိုင်ရာ မြှင့်တင်ရေးလုပ်ငန်းကော်မတီနှင့် ပညာပေးရေး၊ စည်းရုံးလှုံ့ဆော်ရေး လုပ်ငန်းကော်မတီများမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက မိမိတို့ကော်မတီအလိုက် ဆောင်ရွက်ပြီးစီးမှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေက လိုအပ်သည်များကို ဖြည့်စွက်မှာကြားပြီး လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးကာ နိဂုံးချုပ်အမှာစကား ပြောကြားသည်။ (သတင်းစဉ်)

သံတွဲမြို့နယ်အတွင်း လုပ်ငန်းဆိုင်ရာများ ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၂၅

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် ဖေဖော်ဝါရီ၂၀ရက် နံနက်ပိုင်းတွင် သံတွဲမြို့ သစ်ထုတ်ရေးဌာန ဒုတိယအထွေထွေမန်နေဂျာရုံး အစည်းအဝေးခန်းမ၌ သံတွဲမြို့ရှိ သစ်တောဦးစီးဌာန၊ သစ်ထုတ်ရေးဌာန၊ ပြည်တွင်းရောင်းဝယ်ရေးနှင့် သစ်စက်ဌာနတို့မှ ဝန်ထမ်းများနှင့်တွေ့ဆုံသည်။

ထို့နောက် ဝန်ကြီးအား ဒုတိယအထွေထွေမန်နေဂျာရုံး ရှင်းလင်းဆောင်၌ ရခိုင်ပြည်နယ် သစ်ထုတ်ရေးဌာန ဒုတိယအထွေထွေမန်နေဂျာ ဦးတင်ချိန်က လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းတင်ပြပြီး မြန်မာ့သစ်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဝင်းထွန်းနှင့် တာဝန်ရှိသူတို့က ဖြည့်စွက်ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက တစ်ရွာလျှင် ကျေးလက်စိုက်ခင်းတစ်ဧက၊ အိမ်ထောင်စုတစ်ခုလျှင် ကျွန်းသုံးပင်နှင့် ယူကလစ်အပင် ၂၀စိုက်ပျိုးရေး မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးသည် သံတွဲမြို့ ပြည်တွင်းရောင်းဝယ်ရေးနှင့် သစ်စက်ဌာနအမှတ် (၆၈) သစ်စက်သို့ ရောက်ရှိပြီး စက်ရုံအတွင်း သစ်ခွဲစိတ် လည်ပတ်ပုံ အဆင့်ဆင့်၊ ခွဲစိတ်ပြီးသစ်ခွဲသားများ စနစ်တကျထားသိုမှုတို့ကိုကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးသည် သံတွဲမြို့ အင်ဂျင်နီယာဌာန ဒေသစက်ပြင်အလုပ်ရုံကို ကြည့်ရှုစစ်ဆေးပြီး မွန်းလွဲပိုင်းတွင် သံတွဲမြို့ သစ်တောဦးစီးဌာန လူထုဖြန့်ပျိုးဥယျာဉ်အတွင်း ယူကလစ်ပင်များ ပျိုးထောင်နေမှု၊ မဟော်ဂနီ၊ မဲဇလီ၊ ကျွန်း၊ ပျဉ်းကတိုး၊ ပုန်းညက်၊ ငရုတ်ကောင်းပင်များ ပျိုးထောင်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဝန်ကြီးသည် ဖေဖော်ဝါရီ ၂၁ရက် မွန်းလွဲပိုင်းတွင် ရမ်းဗြဲမြို့ ဝန်ပိုက်ဒီရေတောကြိုးဝိုင်းရှိ သစ်မျိုးစုံ ဒီရေတောစိုက်ကွက်ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

❖ ဂရေးနပ်စ်မှ

ဩစတြေးလျ ရေပိုင်နက်အတွင်း ကျက်စားသည့်ဂရေးနပ်စ် ငါးမန်းကောင်ရေမှာ ယခုအခါ ၅၀၀မှ ၁၀၀၀ ခန့်အထိသာရှိတော့သဖြင့် ယင်းငါးမန်းမျိုးသားပေါက်နှုန်း ကောင်းမွန်လာစေရန် သားအိမ်အတုဖြင့် သားဖောက်ပေးသောနည်းကို မိမိ လေ့လာလျက်ရှိကြောင်း နစ်အောက်ဝေးက ပြောကြားသည်။

ဩစတြေးလျ သိပ္ပံပညာရှင်၏ ရည်မှန်းချက်မှာ ဇီးကပ်နေသော ငါးမန်းမ၏ သားအိမ်နှစ်ခုမှ သန္ဓေသားများကို ခွဲစိတ်ကုသသော နည်းလမ်းအရ ထုတ်ယူပြီး အတုပြုလုပ်ထားသော သားအိမ်များအတွင်းသို့ ပြောင်းရွှေ့ထားရန် ဖြစ်သည်။

သားအိမ်တုများအတွင်းရှိ သန္ဓေသားများအတွက် အစာရေစာကို သီးသန့်ထောက်ပံ့ပေးနိုင်ခြင်းဖြင့် သန္ဓေသားအဆင့်တွင် ဇာတ်တူသား စားမှုမှ ရှောင်လွှဲနိုင်မည်ဖြစ်သည်။ သားအိမ်တုဖြင့် သားပေါက်လာသော ငါးမန်းကောင်ပေါက်များကို ကိုးလမှ ၁၂ လကြာ စောင့်ရှောက် မွေးမြူ ပေးပြီးနောက် ပင်လယ်အတွင်းသို့ ပြန်လွှတ်ပေးမည်ဖြစ်သည်။

သားအိမ်အတု အသုံးပြုသောနည်းလမ်းဖြင့် တစ်နှစ်လျှင် ဂရေးနပ်စ် ငါးမန်းကောင်ရေ ၄၀ အထိ တိုးပွားလာရန် ရည်မှန်းသည်။

သားအိမ်အတု တည်ဆောက်ရာတွင် သဘာဝသားအိမ်နှင့်တူညီရန် လိုအပ်မည်ဖြစ်ကြောင်း နစ်အောက်ဝေးက ပြောကြားသည်။

အင်တာနက်။

ကြည့်ရှုစစ်ဆေး

သစ်တောရေးရာ ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် သံတွဲမြို့ အမှတ် (၆၈)သစ်စက်တွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

တတိယလှိုင်း ပြဿနာများ ဟောပြောမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၅

မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ပုစွန်လုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းစီစဉ်မှု၊ Parami Foundation ၏ ပံ့ပိုးကူညီမှုတို့ဖြင့် ဖေဖော်ဝါရီ ၂၈ ရက် (စနေနေ့) မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ် ဘုရင့်နောင်လမ်းရှိ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် သီရိအဏ္ဏဝါခန်းမ၌ စာရေးဆရာကျော်ဝင်းက တတိယလှိုင်းပြဿနာများ (Third Wave Problems) ခေါင်းစဉ်ဖြင့် ဟောပြောမည်ဖြစ်သဖြင့် စိတ်ပါဝင်စားသူများ တက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

သက်ရှိလောက တည်မြဲဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

ဗုဒ္ဓမြတ်စွာ သာသနာတော်မြတ်ကြီး၌ မည်သည့်အညစ်အကြေးများ၊ မည်သည့်ဘေးရန်များ၊ မည်သည့်အနှောင့်အယှက်များ ဖြစ်ပေါ်နေသည်ဟု တိကျပြတ်သားစွာသိမြင်အောင် ဆင်ခြင်ထောက်လှမ်း လေ့လာစုံစမ်းမှု အမြဲပြုနေကြဖို့လို

ရန်ကုန် ဖေဖော်ဝါရီ ၂၅

ပြည်ထောင်စုမြန်မာနိုင်ငံတော် ဆဋ္ဌအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(၄၇)ပါးစုံညီ သတ္တမအစည်းအဝေး၌ မိန့်ကြားတော်မူအပ်သော သဘာပတိဥက္ကဋ္ဌ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ အဂ္ဂမဟာပဏ္ဍိတ မကွေးမြို့ မဟာဝိသုတာရာမတိုက်သစ်ဆရာတော် ဘဒ္ဒန္တကုမာရ မဟာထေရ်၏ သာရဏီယသြဝါဒကထာမှာ အောက်ပါအတိုင်းဖြစ်သည်-

နိုင်ငံတော် သံဃမဟာနာယကဆရာတော်အရှင်မြတ်တို့ဘုရား။ ဆရာတော်အရှင်မြတ်တို့ သာသနာတော်သန့်ရှင်းတည်တံ့ ပြန့်ပွားရေးဟူသော ဦးတည် ချက်ဖြင့် စုံစုံညီညီ ကြွရောက်တော်မူလာကြသည့်အတွက် "ယာဝကီဝဉ္စ ဘိက္ခဝေ ဘိက္ခူ သမဂ္ဂါ သန္နိပတိဿန္တိ၊ သမဂ္ဂါ ဝုဋ္ဌဟိဿန္တိ၊ သမဂ္ဂါ သံဃကရဏီယာနိ ကရိဿန္တိ၊ ဝုဒ္ဓိယေဝ ဘိက္ခဝေ ဘိက္ခူနံ ပါဋိကင်္ခါ၊ နောပရိဟာနိ" (ဒီ၊ ၂၊ ၆၅)ဟူသော ဘိက္ခု အပရိဟာနိယ ဒေသနာတော်နှင့် ညီညွတ်သည့်အတွက် နှစ်သက်ရွှင်လန်း ဝမ်းမြောက်ရပါသည် ဘုရား။

ဆရာတော်အရှင်မြတ်တို့ဘုရား။ ဘုရားတပည့်တော်တို့၏ သံဃာ့အဖွဲ့အစည်း အဆင့်ဆင့် ဖွဲ့စည်းမှု၏ ရည်ရွယ်ချက်(၇)ချက်တို့တွင် (က)၌ သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရန်ဖြစ်သည်ဟု ဆိုထားရာ ဘုရားတပည့်တော်တို့ ဆောင်ရွက်ရမည့်သာသနာတော်ကိစ္စများမှာ သာသနာတော်သန့်ရှင်းရန်၊ သာသနာတော်တည်တံ့ရန်၊ သာသနာတော်ပြန့်ပွားရန်တို့ဖြစ်ပါသည်။

ထိုရည်ရွယ်ချက်(၃)ချက်တို့တွင် သာသနာတော် သန့်ရှင်းရန်အတွက် ဂိုဏ်းပေါင်းစုံ သံဃာ့အဖွဲ့အစည်းဖွဲ့စည်းပြီး ပထမ(၅)နှစ်အတွင်း၌ရဟန်းတု၊ရဟန်းယောင်များကို ဖယ်ရှားခြင်း၊ ပိဋကတ်တော်နှင့်မညီသော ရေးသားခြင်း၊ ဟောပြောခြင်း၊ ပြသခြင်း၊ ပြုလုပ်ခြင်းများကို နိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖွဲ့များဖြင့် ဓမ္မ၊ အဓမ္မ ဆုံးဖြတ်စေခြင်းစသည်ဖြင့် သာသနာတော်သန့်ရှင်းရန်ကိစ္စများကို ဆောင်ရွက်ခဲ့သဖြင့် အထိုက်အလျောက်အောင်မြင်ခဲ့ပါသည်ဘုရား။

သို့ရာတွင် နှစ်ကာလကြာမြင့်လာသောအခါ ထိုရဟန်းတု၊ ရဟန်းယောင်များ၊ အဓမ္မဝါဒများ တစ်စတစ်စခေါင်းထောင်လာသည်ကို ဆရာတော်ဘုရားများ ကြားသိတော်မူကြပြီး ဖြစ်ပါလိမ့်မည်ဘုရား။

ဆရာတော်အရှင်မြတ်တို့ဘုရား။ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော် အရှင်သူမြတ်တို့သည်-

- (၁) ခမာ = အရာရာ၌သည်းခံခြင်းဂုဏ်၊
- (၂) ဇာဂရိယ = နိုးကြားခြင်းဂုဏ်၊
- (၃) ဥဋ္ဌာန = ထကြွလုံ့လဝီရိယရှိခြင်းဂုဏ်၊
- (၄) သံဝိဘာဂ = ခွဲခြားဝေဖန်ခြင်းဂုဏ်၊
- (၅) ဒယာ = သနားငဲ့ညှာခြင်းဂုဏ်၊
- (၆) ဣက္ခဏာ = စေ့စေ့ငုငုကြည့်ရှုဆင်ခြင်ခြင်းဂုဏ်ဟူသော နာယကဂုဏ်အင်္ဂါ(၆)ပါးတို့နှင့် ပြည့်စုံတော်မူကြသည့် အရှင်မြတ်များချည်းသာ ဖြစ်ကြရပါမည်ဘုရား။

ဤနာယကဂုဏ် အင်္ဂါ(၆)ပါးတို့တွင်လည်း နောက်ဆုံးဖြစ်သော စေ့စေ့ငုငု ကြည့်ရှု ဆင်ခြင်ခြင်းဟူသော "ဣက္ခဏ" ဂုဏ်အင်္ဂါကို ကိစ္စကြီးငယ်အသွယ်သွယ် အဝဝဟူသမျှတို့၌ ရှေ့ဂုဏ်အင်္ဂါ(၆)ပါးထက် အလွန်အကျူးအထူးအားဖြင့် အလိုရှိသင့်၊ အလိုရှိထိုက်၊ ပြည့်စုံစေသင့်၊ ပြည့်စုံစေထိုက်လှပါသည်ဘုရား။

အဘယ်ကြောင့်နည်းဟူမူ အကြီးအမှူး ဦးစီးနာယကဖြစ်ကြသော ပုဂ္ဂိုလ်များသည် မိမိတို့ကြီးမှူးရာ နယ်ပယ်အတွင်း၌ အကြောင်းအရာ ဝတ္ထုအစုစုတို့ကို တစ်ခုမကျန် ဝေဖန်ပိုင်းခြားပြတ်သားစွာ သိမြင်အောင်ကြည့်ရှုဆင်ခြင်ပြီး ပဂ္ဂဟ၊ နိဂ္ဂဟ ကိစ္စကြီးငယ်အသွယ်သွယ်တို့ကို ဆောင်ရွက်ပြုလုပ်မှသာလျှင် ချို့ယွင်းချက်မရှိ တိကျမှန်ကန်သော ဆောင်ရွက်ချက်ဖြစ်သဖြင့် လိုအပ်သော အကျိုးများ ပြီးစီးအောင်မြင်နိုင်သောကြောင့် ဖြစ်ပါသည်ဘုရား။

သို့ရာတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီးသည် ကျောင်း၊ ကျောင်းတိုက်ပိုင်ဆိုင်မှု အငြင်းပွားခြင်း၊ ကျောင်းသစ်ဆောက်လုပ်မှု အတည်ပြုခြင်း အစရှိသော အသေးအဖွဲကိစ္စများကိုသာ ဆောင်ရွက်နေကြရသည်က များပါသည်ဘုရား။ လွန်စွာအရေးကြီးသည့် သာသနာတော် သန့်ရှင်းရေးကိစ္စများကိုမူ စိတ်ပါဝင်စားသော အရှင်မြတ်များအနည်းငယ်မျှသာရှိသည်ဟု ထင်မြင်ယူဆမိပါသည်ဘုရား။

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ကြီးသည် သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တွင် အမြင့်ဆုံးအဖွဲ့အစည်းကြီးဖြစ်သည့်အတွက် သာသနာတော်သန့်ရှင်းရေးကိစ္စများသည် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ကြီးမှာ တာဝန်အရှိဆုံးဖြစ်ပါသည်။ ထို့ကြောင့် ဗုဒ္ဓမြတ်စွာ သာသနာတော်မြတ်ကြီး၌ မည်သည့်အညစ်ကြေးများ၊ မည်သည့်ဘေးရန်များ၊ မည်သည့်အနှောင့်အယှက်များ ဖြစ်ပေါ်နေသည်ဟု တိကျပြတ်သားစွာ သိမြင်အောင် ဆင်ခြင်ထောက်လှမ်း စုံစမ်းလေ့လာမှု အမြဲပြုနေကြဖို့ လိုပါသည်ဘုရား။

ယခုအခါ ပိဋကတ်တော်နှင့်မညီညွတ်သော ရေးသားခြင်း၊ ပြသခြင်း၊ ပြုလုပ်ခြင်း၊ ဟောပြောခြင်းများ ပေါ်ပေါက်နေသည်ကိုလည်းကောင်း၊ ယခင်က အဓမ္မဟုဆုံးဖြတ်အပ်ခဲ့ပြီးသော အဓမ္မဝါဒများပြန်လည်ခေါင်းထောင်နေသည်ကိုလည်းကောင်း ကြားသိတွေ့မြင်နေရပါသည်ဘုရား။ ယင်းကိစ္စများသည် သာသနာတော်အတွက် ကြောက်မက်ဖွယ်ကောင်းသည့် လွန်စွာကြီးမားသော အညစ်ကြေးများဖြစ်ကြပါသည်ဘုရား။

ထိုသာသနာ့ဘေးရန်များကို မည်သို့မည်ပုံ တားဆီးကာကွယ်ရမည်၊ သုတ်သင်ပယ်ရှားရမည်စသည့်တို့ကို လေးလေးနက်နက် စဉ်းစားနှိုင်းချိန်၍ မိမိတို့အချင်းချင်းလည်းကောင်း၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်များနှင့် လည်းကောင်း၊ အခြားပညာရှင်များနှင့်လည်းကောင်း တိုင်ပင်ညှိနှိုင်း၍ အလေးအနက်ထားကာ ဆောင်ရွက်တော်မူကြပါရန် လျှောက်ထားပါသည်ဘုရား။

အထူးနောက်တစ်ချက်လျှောက်ထားလိုသည်မှာ ဆဋ္ဌအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ ပဉ္စမအစည်းအဝေးက သံဃာ့အဖွဲ့အစည်းအခြေခံစည်းမျဉ်းနှင့်လုပ်ထုံးလုပ်နည်းများ၊ နာယကလက်စွဲ၊ ညွှန်ကြားလွှာများပြင်ဆင်ရန်ကိစ္စကို စိစစ်ရေးအဖွဲ့ ဖွဲ့စည်းတာဝန်ပေးခဲ့ရာ ယင်းစိစစ်ရေးအဖွဲ့က စိစစ်တွေ့ရှိချက်များကို ညှိနှိုင်းဆွေးနွေးပြီးလျှင် ပြင်ဆင်ဖြည့်စွက် နုတ်ပယ်သင့်သည့် ကောက်နုတ်ချက်များကို ဆဋ္ဌအကြိမ်နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ ဆဋ္ဌအစည်းအဝေးသို့ တင်ပြခဲ့ရာ ယင်းအစည်းအဝေးက ဖော်ပြပါအတိုင်း ဆုံးဖြတ်ခဲ့ပါသည်။

ဆုံးဖြတ်ချက် လုပ်ထုံးလုပ်နည်းများပြင်ဆင်ရန်ကိစ္စ တင်ပြခြင်းနှင့်စပ်လျဉ်း၍ အထူးဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးကို တင်ပြ၍ ပြင်ဆင်ရမည့်အချက်များစွာကို တွေ့ရှိ၍ နိုင်ငံတော် သံဃမဟာနာယကဆရာတော်များအနေဖြင့် လိုအပ်ချက်များ တွေ့ရှိပါက စိစစ်ရေးအဖွဲ့ငယ်သို့ အကြံဉာဏ်များပေးပို့နိုင်ရန်ကိစ္စ တင်ပြခြင်းနှင့် စပ်လျဉ်း၍ သိရှိကြောင်း မှတ်တမ်းတင်ရန်၊

ယင်းပြင်ဆင်၊ ဖြည့်စွက်၊ နုတ်ပယ်ရန် အချက်များနှင့်ပတ်သက်၍ နိုင်ငံတော် သံဃမဟာနာယကဆရာတော်များ၏ အကြံပြုတင်ပြချက်များကို ချီးမြှင့်ပါရန် လျှောက်ထားဆက်ကပ်သည့်စာကိုလည်း တွေ့မြင်ဖတ်ရှုရပါသည်ဘုရား။ ယင်းလျှောက်ထားစာဝယ် အကြောင်းအရာ၌ "လုပ်ထုံးလုပ်နည်း၊ လက်စွဲ၊ ညွှန်ကြားလွှာများပြင်ဆင်ရေးကိစ္စ" ဟု ဖော်ပြထားသော်လည်း စိစစ်ရေးအဖွဲ့၏ပြင်ဆင်၊ ဖြည့်စွက်၊ နုတ်ပယ်ရန်အချက်များကိုဖော်ပြရာ၌သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်း ပါဝင်နေသည်ကို တွေ့ရှိပါသည်။ ယင်းသံဃာ့အဖွဲ့အစည်းအခြေခံစည်းမျဉ်းပါ အပိုဒ်များကို ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးကြီးကသာ ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ နုတ်ပယ်ခြင်းပြုလုပ်နိုင်သည်ဟု သံ/စည်းအခန်း (၁၆)အပိုဒ်(၉၆)၌ ပြဋ္ဌာန်းထားသောကြောင့် သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်း၌ပါသော ပြင်ဆင်၊ ဖြည့်စွက်၊ နုတ်ပယ်ချက်များကို ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီးကသာ ပြုလုပ်နိုင်သည်ဖြစ်၍ ဂိုဏ်းပေါင်းစုံ သံဃာ့အဖွဲ့အထူးအစည်းအဝေးခေါ်ယူရန် လိုအပ်ပါသည်ဘုရား။ သံ/စည်း အခန်း (၁၁) အပိုဒ် (၈၀)၌ သာသနာတော်တစ်ရပ်လုံးနှင့် သက်ဆိုင်သည့် အရေးကြီးသော သာသနာရေးကိစ္စပေါ်ပေါက်လာသည့်အခါ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ဆုံးဖြတ်ချက်အရ ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီးကို ကျင်းပရမည်ဟု ပြဋ္ဌာန်းထားရာတပည့်တော်တို့သံဃမဟာနာယကအဖွဲ့ကြီးက ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီး ကျင်းပသင့်၊ မကျင်းပသင့် အဆုံးအဖြတ်ပေးရမည်ဖြစ်ပါသည်။

ယင်းကိစ္စကို တပည့်တော်တို့ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်များချည်း မဆုံးဖြတ်ဘဲ သာသနာရေးဝန်ကြီးနှင့် ညှိနှိုင်းတိုင်ပင်ပြီးမှသာ ဆုံးဖြတ်သင့်သည်ဟု ထင်မြင်ပါသည်ဘုရား။

ဆရာတော် အရှင်မြတ်တို့ဘုရား။ သံဃာ့အဖွဲ့အစည်းအခြေခံစည်းမျဉ်း ပြင်ဆင်၊ ဖြည့်စွက်၊ နုတ်ပယ်ရန်ကိစ္စသည် သာသနာတော်အတွက် အလွန် အရေးကြီးသော ကိစ္စဖြစ်သဖြင့် တပည့်တော်တို့ နိုင်ငံတော်သံဃမဟာနာယကဆရာတော်များချည်း ညှိနှိုင်းတိုင်ပင် ပြင်ဆင်၊ ဖြည့်စွက်၊ နုတ်ပယ်ခြင်းများကို မပြုသေးဘဲ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်များထဲမှ သင့်လျော်သော ဆရာတော်များ၊ မူလဝန်ဆောင် ၆၆ ပါးတွင် ပါဝင်၍ သက်တော်ထင်ရှားရှိပြီး ဆောင်ရွက်နိုင်မည့် ဆရာတော်များ၊ အခြားပညာရှင်များနှင့်ပါ သေချာစေ့စပ်စွာ ညှိနှိုင်းတိုင်ပင်ပြီး ဆောင်ရွက်သင့်သည်ဟု အကြံပြုလျက် တပည့်တော်၏ သာရဏီယ သြဝါဒကထာကို နိဂုံးကမွတ်အဆုံးသတ်ပါသည် နိုင်ငံတော်သံဃမဟာနာယကဆရာတော် အရှင်မြတ်တို့ဘုရား။

ဘဒ္ဒန္တကုမာရ
ဥက္ကဋ္ဌ
နိုင်ငံတော်သံဃမဟာနာယကအဖွဲ့

ရဟန်းတော်များသည် အဖန်ဖန်အထပ်ထပ် စည်းဝေးတိုင်ပင်ညှိနှိုင်းကြပါလျှင် အချင်းချင်း ယုံမှားသံသယကင်း၍ စိတ်တူကိုယ်မျှ ဆောင်ရွက်နိုင်ကြသဖြင့် သာသနာတော်ကြီးသည် စည်ပင်တိုးတက်လာမည်မှာ အမှန်ပင်ဖြစ်

ရန်ကုန် ဖေဖော်ဝါရီ ၂၅

ပြည်ထောင်စုမြန်မာနိုင်ငံတော် ဆဋ္ဌအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့(၄၇)ပါးစုံညီ သတ္တမအစည်းအဝေး၌ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၏ သာသနာရေးဆိုင်ရာ လျှောက်ထားလွှာမှာ အောက်ပါအတိုင်း ဖြစ်သည်-

ရိုသေလေးမြတ်စွာလျှောက်ထားအပ်ပါသည် ကျေးဇူးတော်ရှင် နိုင်ငံတော် သံဃမဟာနာယက ဆရာတော်အရှင်သူမြတ်ကြီးများဘုရား-

သာသနာတော်မြတ်ကြီး သန့်ရှင်းရေး၊ တည်တံ့ရေး၊ ပြန့်ပွားရေးအတွက် ကောင်းစွာရှေးရှုဂရုပြုကာ သမ္မာဆန္ဒအပြည့်အဝဖြင့် ဆဋ္ဌအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ သတ္တမအစည်းအဝေးသို့ အညီအညွတ်ကြွရောက်တော်မူလာကြသော နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများကို စုံစုံညီညီ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစွာ ဖူးမြော်ကြည်ညိုရပါသဖြင့် အတိုင်းမသိ ပီတိဝေဖြာ ကြည်သာရွှင်ပြုံး စိတ်နှလုံးချမ်းမြေ့ရပါကြောင်း ရှေးဦးစွာလျှောက်ထားအပ်ပါသည်ဘုရား။

သဗ္ဗညုတဉာဏ်တော်သခင်ဘုရားရှင်သည် တပည့်သား သာဝကရှင်ရဟန်းတို့အား မလွဲဧကန် ထမ်းဆောင်ရမည့် သာသနာ့တာဝန်များကို ပေးအပ်တော်မူခဲ့ရာ ယင်းတို့မှာ-

- စာပေကျမ်းဂန် သင်အံပို့ချ ဟောပြောဆောင်ရွက်ခြင်းဟူသော ဂန္ထဓုရတာဝန်၊
- သမထ၊ ဝိပဿနာ တရားဘာဝနာပွားများအားထုတ်မှု၊ သင်ကြားပြသမှုဟူသော ဝိပဿနာဓုရ တာဝန်တို့ ဖြစ်ပါသည်ဘုရား။

သုပ္ပဋိပန် အကျင့်မှန်သည့် ဘုရားသားတော် ရှင်ရဟန်းမှန်သမျှသည် ဂန္ထ ဝိပဿနာ နှစ်ဖြာဓုရကို ထမ်းဆောင်ကြရာတွင် ကိုယ်တိုင်လည်း သင်ယူကျင့်ကြံ၊ တပည့်ရှင်ရဟန်းတို့ကိုလည်း နည်းပေးသင်ပြ ဆိုဆုံးမပေးကြရပါသည်ဘုရား။ ဒကာ၊ ဒကာမများကိုလည်း ကုသိုလ်တရား ပွားများဆည်းပူးနိုင်ကြစေရန် လယ်ယာမြေကောင်းသဖွယ် ကုသိုလ်မျိုးစေ့ စိုက်ပျိုးကြဲချစေရေး အားပေးဆုံးမ နည်းပြသွန်သင်ပေးကြရပါသည်ဘုရား။

သာသနာတော်မြတ်ကြီး သန့်ရှင်းတည်တံ့ပြန့်ပွားထွန်းကားစေရေးအတွက် သံဃာတော်များ ဝိနည်းတရားတော်နှင့်အညီ ကျင့်ကြံသီတင်းသုံးလျက်သံဃာ အချင်းချင်းကြီးကြပ်ထိန်းသိမ်းသွားရန်၊ သံဃာတော်များသည် ဓုရနှစ်ပါးကို ကိုယ်စီ ချမ်းသာစွာထမ်းဆောင်လျက်သာသနာတော်သုံးရပ်အတွက် အလေးထားဆောင်ရွက်နိုင်ကြစေရန်၊ သံဃာညီညွတ်မှုကို ရှေးရှုဆောင်ရွက်ကြစေရန် စသော ရည်ရွယ်ချက်များကို အခြေခံလျက် ၁၉၈၀ပြည့်နှစ် ဂိုဏ်းပေါင်းစုံသံဃာ့အဖွဲ့အစည်းကြီးကို ဖွဲ့စည်းတည်ထောင်ကာ သံဃာ့အဖွဲ့အစည်းအခြေခံစည်းမျဉ်း လုပ်ထုံးလုပ်နည်းကိုလည်း အတည်ပြုပြဋ္ဌာန်းပြီးဖြစ်ပါသည်ဘုရား။

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီးသည် ဗုဒ္ဓသာသနာတော်မြတ်ကြီး သန့်ရှင်းရေး၊ တည်တံ့ရေး၊ ပြန့်ပွားရေးလုပ်ငန်းရပ်များကို အောင်မြင်ပြီးမြောက်ခရီးရောက်အောင် စွမ်းစွမ်းတမံ အားထုတ်ကြိုးစားဆောင်ရွက်ကြကြောင်း တွေ့ရှိရပါသဖြင့် သာသနာတော်ကြီးအတွက် အားတက်ပိုမိုကြည်ညိုရပါသည်ဘုရား၊ ဝိနိစ္ဆယရေးရာ၊ သာသနာရေးရာ၊ ပညာရေးရာ ကိစ္စရပ်များကို တတ်သိလိမ္မာကျွမ်းကျင်စေရန် ဆည်းပူးလေ့လာခြင်း၊ ညှိနှိုင်းဆွေးနွေးအဖြေရှာခြင်း၊ ပင်ပန်းနွမ်းနယ်မှုကို ပမာဏမထား၊ သက်တော်ရွယ်တော်ကို ငဲ့ကွက်ခြင်းပြုတော်မမူကြဘဲ လုံ့လကြိုးကုတ်အားထုတ်ဆောင်ရွက်တော်မူခြင်း၊ အကြောင်းဥပါယ်အသွယ်သွယ်ကို စူးစမ်း နှိုင်းဆချင့်ချိန်နိုင်ခြင်း၊ စီမံဆောင်ရွက်နိုင်စွမ်းရှိခြင်း၊ သာသနာ့လုပ်ငန်းရပ်များကို စွမ်းဆောင်ကြရာတွင် အဂတိတရားကင်းစင်စွာ အောင်မြင်ချောမွေ့အောင် ကြိုးကြိုးစားစား ထမ်းဆောင်ကြခြင်း၊ အရည်အချင်းကောင်းများ တိုးပွားရရှိအောင်ဆည်းပူးလေ့ကျင့်အားထုတ်တော်မူကြခြင်း စသည်တို့ကို သတိရှိရှိ၊ သမာဓိမြဲမြဲ၊ မှန်မှန်စည်းဝေး၊ ဆွေးနွေးဆုံးဖြတ်အကျင့်မြတ်များကြောင့် လေးစားကော်ရော်ပူဇော်ရပါသည်ဘုရား။

ဣတိဝုတ်ပါဠိတော် သံဃသာမဂ္ဂီသုတ်တွင် သံဃာညီညွတ်ခြင်းသည် လူနတ်တို့ အကျိုးစီးပွားဖြစ်ထွန်းရန်၊ ချမ်းသာကြီးပွားရန်ဖြစ်ကြောင်း၊ သံဃာတော်တို့ ညီညွတ်မှုတကြသော် အချင်းချင်း ငြင်းခုံခြင်း၊ ခြိမ်းခြောက်ခြင်း၊ ရှုတ်ချခြင်း၊ မလိုမုန်းထားခြင်း မဖြစ်ကြမူ၍ အေးငြိမ်းချမ်းသာစွာ သာသနာ့အရေး မျှော်တွေးဆောင်ရွက်ကြသဖြင့် မကြည်ညို ကြသေးသူတို့လည်း ကြည်ညိုလာနိုင်ကြပြီး ကြည်ညိုပြီးသူတို့သည်လည်း တိုးတက်၍သာ ကြည်ညိုသဒ္ဓါ တိုးပွားလာနိုင်ကြောင်း မြတ်စွာဘုရားရှင်က ဟောမိန့်ညွှန်ပြထားသည်ကို မှတ်သားသိရှိရပါသည်ဘုရား။

သုခါ သံဃဿ သာမဂ္ဂီ သမဂ္ဂါနံ တပေါ သုခေါ- ဟူသော ဒေသနာတော်အရ သံဃာတော်၏ စုပေါင်းစည်းဝေးခြင်း၊ စုပေါင်းညှိနှိုင်းခြင်း စသည် ညီညွတ်စွာအားထုတ်ခြင်းသည် ချမ်းသာခြင်း၏အကြောင်းဖြစ်ပါသည်ဘုရား။ ရဟန်းတော်များသည် အဖန်အဖန်အထပ်ထပ် စည်းဝေးတိုင်ပင် ညှိနှိုင်းကြပါလျှင် အချင်းချင်း တစ်ပါးနှင့်တစ်ပါး ယုံမှားသံသယကင်းတော်မူကြ၍ စိတ်တူကိုယ်မျှ ဆောင်ရွက်နိုင်ကြသဖြင့် သာသနာတော်ကြီးသည် စည်ပင်တိုးတက်လာမည်မှာ အမှန်ပင် ဖြစ်ပါသည်ဘုရား။

နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများသည် အင်္ဂုတ္တရနိကာယ်လာ အပရိဟာနိယတရားနှင့်အညီလေးလလျှင်တစ်ကြိမ်(၄၇)ပါးစုံညီ ပုံမှန်အစည်းအဝေးကြီးများကျင်းပ၍ သာသနာရေးရာ၊ ဝိနိစ္ဆယရေးရာ၊ ပညာရေးရာ လုပ်ငန်းရပ်များကို ညှိနှိုင်းဆွေးနွေးဆုံးဖြတ်တော်မူကြသဖြင့် သာသနာတော်အတွက် အားတက်ဖွယ်ရာ ဖြစ်ပါ၍ ဝမ်းမြောက်နှမော် သာဓုခေါ်ဆိုရပါသည်ဘုရား။

နိုင်ငံတော် သံဃမဟာနာယကဆရာတော်ကြီးများဘုရား-

ဝိနယော နာမ သာသနဿ အာယု- ဟူသော ဒေသနာတော်အရ ဘုရားရှင် ပညတ်တော်မူသော သာသနာတော်၏ အသက်သဖွယ်ဖြစ်သည့် ဝိနည်းသိက္ခာပုဒ် အဆုံးအမတော် အရပ်ရပ်တို့ကို ရှင်ရဟန်း အသီးသီးတို့သည် ရိုသေလေးစားတန်ဖိုးထားလျက် လိုက်နာကျင့်ကြံကြရမည်သာ ဖြစ်ပါသည်ဘုရား။ မြန်မာနိုင်ငံတော်ကြီးတွင် ရဟန်း သာမဏေပေါင်း ၄သိန်းကျော်ရှိရာ အနည်းငယ်မျှသော ရှင်ရဟန်းတို့၏ သမဏသာရုပ္ပ မဖြစ်သော ပြုမူကျင့်ကြံမှုတို့ကြောင့် သာသနာတော်ဂုဏ်ရှိန်ကို ထိခိုက်စေနိုင်ပါသည်ဘုရား။ ရှင်ငယ်ရဟန်းငယ်အချို့၏ ထိုသို့သော အပြုအမူသည် ဆရာသမားများနှင့် သံဃာ့မထေရ်ကြီးများ၏ သွန်သင်ဆုံးမမှုကို မခံရသူများအဖြစ်သို့ ရောက်ရှိစေပြီး ရဟန်းသာမဏေအတုအယောင်တို့နှင့်မခြား ရောပြွမ်းထင်မှတ်ခံရမည်ဖြစ်ပါသည်ဘုရား။ ထိုအပြုအမူများကြောင့် ရတနာသုံးပါးကို လေးစားကြည်ညိုသူတို့၏ စိတ်သန္တာန်တွင် အရိုအသေအလေးအမြတ်ပြုလိုမှု ယုတ်လျော့လာနိုင်ပြီး ကဲ့ရဲ့ဖွယ်၊ အပြစ်တင်ဖွယ်ဖြစ်၍ အကုသိုလ်တရားများ များပြားလာနိုင်သည့်အပြင် သာသနာတော် ဆုတ်ယုတ်ခြင်း၏ အကြောင်းတစ်ရပ်ပင် ဖြစ်ပါသည်ဘုရား။

ထို့ကြောင့်ပင်လျှင် ပရိယတ္တိစာသင်တိုက်များမှ ပဓာနနာယက ဆရာတော်ကြီးများ၊ တိုက်အုပ် တိုက်ကြပ် စာချဆရာတော်များ၊ ပဋိပတ္တိနည်းပြ သာသနာ့ရိပ်သာကျောင်း နာယကဆရာတော်များအပါအဝင် ရပ်/ကျေး၊ မြို့နယ်၊ ပြည်နယ်/တိုင်း သံဃနာယကအဖွဲ့စသည့် သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တို့သည် မိမိတို့ဒေသနယ်ပယ်အတွင်းရှိ ကျောင်းတိုက်များမှ ရဟန်းသာမဏေများအား ဝိနည်းကျင့်ဝတ်ညွှန်ကြားချက်၊ စည်းကမ်းဥပဒေများနှင့်အညီ သီတင်းသုံးနေထိုင်ရေး၊ ရှုပ်ထွေးလှသော လောကီလူမှုကိစ္စများ၌ ပါဝင်ပတ်သက်စွက်ဖက်မှု မရှိရေး၊ သံဃာ့ဂုဏ်အင်နှင့်လျော်စွာဒကာဒကာမများကိုလည်း ပစ္စုပ္ပန်သံသရာ နှစ်ဖြာကောင်းကျိုး ပွားတိုးစေရေးအတွက် လမ်းညွှန်ဆုံးမ ညွှန်ပြပေးရေး၊ သာသနာရေးရာကိစ္စရပ်များ ဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရ၏ တရားနှင့်အညီ ထောက်ပံ့ပေးသော အာဏာစက်အကူအညီကိုရယူနိုင်ရေး၊ တစ်ပြည်လုံးရှိ ရဟန်းသာမဏေအားလုံးတို့သည် ဓမ္မဝိနယနှင့်အညီ စည်းကမ်းရှိရှိ စည်းလုံးညီညွတ်ကြရေး စသည်တို့ကို ယခုထက်ပိုမို၍ စွမ်းအားမြှင့်ထမ်းဆောင်ကြရန် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ကြီးက အခြေအနေ အချိန်အခါအားလျော်စွာ လမ်းညွှန်သြဝါဒ ပေးတော်မူပါရန် ရိုသေလေးမြတ်စွာ တောင်းပန်လျှောက်ထားအပ်ပါသည်ဘုရား။

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများ၏ ဦးဆောင်မှုဖြင့် သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တို့သည် သာသနာတော် သန့်ရှင်းရေး၊ တည်တံ့ရေး၊ ပြန့်ပွားရေးလုပ်ငန်းရပ်များကို အားသစ်ထပ်လောင်း စုပေါင်းကြိုးကုတ် အားထုတ်ဆောင်ရွက်ကြသည့်နည်းတူ နိုင်ငံတော်အစိုးရ အမှူးရှိသော ဒါယကာ ဒါယိကာမများလှုပြည်သူ ဗိုလ်လူအပေါင်း သူတော်ကောင်းတို့သည် ဓမ္မာပစ္စယ နဂ္ဂဟနှစ်ဖြာ မြတ်ဝန်တာကို သဒ္ဓါပြည့်လျှမ်းလျှုဒါန်းပူဇော်ကြမည်သာဖြစ်ပါသည်ဘုရား။ သာသနာတော်မြတ်ကြီးအတွက် ပုဗ္ဗမုဉ္စ အပရစေတနာ စေတနာသုံးတန် ပြဋ္ဌာန်းလျက် ထိပ်ခေါင်ထွတ်တင် ဆရာသခင်တို့၏ သြဝါဒများနှင့်အညီ ဆရာဒကာ ညီညာလက်ဆင့် ကျွန်းနှင့်ကိုင်းမှီ ရှေ့သွားညီအောင် ကြိုးပမ်းဆောင်ရွက်ကြမည်သာ ဖြစ်ပါကြောင်းလျှောက်ထားရင်း ဘုရားတပည့်တော်၏ လျှောက်ထားလွှာကို နိဂုံးချုပ်အပ်ပါသည် ဆရာတော်သံဃာတော် အရှင်သူမြတ်တို့ဘုရား။ ။

ယူအေအီးတပ်ဖွဲ့ဝင်များအား ခေတ်မီလက်နက်များဖြင့် အဆင့်မြှင့်ရန် စီစဉ်

အဘူဒါဘီ ဖေဖော်ဝါရီ ၂၅

အရှေ့အလယ်ပိုင်းဒေသတွင် အကြီးဆုံးသော ကာကွယ်ရေးဆိုင်ရာ အခင်း အကျင်းပြယုဂ်တစ်ခုအဖြစ် တည်ရှိနေသည့် အာရပ်စော်ဘွားများပြည်ထောင်စု (ယူအေအီး)နိုင်ငံသည် ကမ္ဘာ့ခေတ်အမီဆုံးလက်နက်များကို သူ၏လက်နက်ကိုင်တပ်ဖွဲ့များအား တပ်ဆင်ပြီး အဆင့်မြှင့်တင်ရန်၊ ခေတ်မီစေရန် ရည်ရွယ်ထားကြောင်း သမ္မတ ရှိတ်ခလီဖာဘင်ဇယက် အယ်လ်ဟာယန်က တနင်္ဂနွေနေ့တွင် ပြောကြားသည်။

အာရပ်စော်ဘွားများ ပြည်ထောင်စု၏ စစ်ရေးမဟာဗျူဟာနှင့် အဆင့်မြင့် အင်အားတောင့်တင်းခိုင်မာသောကာကွယ်ရေးစနစ် တည်ဆောက်ရေး အစီအစဉ်သည် နိုင်ငံတော်ကို ကာကွယ်ရန်နှင့် နိုင်ငံတော်၏မြင့်မားသည့် အကျိုးစီးပွားများကို အကာအကွယ်ပေးရန်အတွက် အဆုံးအဖြတ်ပေးရာတွင် အဓိကအခြေခံဖြစ်ကြောင်း၊ ကမ္ဘာ့ကာကွယ်ရေးပစ္စည်းထုတ်လုပ်သည့်စက်ရုံများမှ အစဉ်ထုတ်လုပ်လျက်ရှိသည့် ခေတ်အမီဆုံးလက်နက်များ တပ်ဆင်ပြီးတပ်မတော်ကို ခေတ်မီအောင် တည်ဆောက်ရေးအတွက်ရှေ့သို့ ဆက်လက်တွန်းအားပေး ဆောင်ရွက်ရန်မှာ ကျွန်ုပ်တို့၏ မဟာဗျူဟာစီမံကိန်းများ ဖြစ်ကြောင်း၊ ခေတ်မီတပ်မတော်တည်ဆောက်ရေးသည်ဒေသတွင်းခြိမ်းခြောက်မှုများကို တုံ့ပြန်ရန်ဖြစ်ပြီး၊ ဒုံးပျံကာကွယ်ရေး နည်းပညာများကိုလည်း အာရပ်စော်ဘွားများပြည်ထောင်စု (ယူအေအီး)က အထူးအလေးထား ဆောင်ရွက်မည်ဖြစ်ကြောင်း ရှိတ်ခလီဖာကထပ်လောင်း ပြောကြားသည်။

ခေတ်မီ ပက်ထရီယော့ဒုံးခွင်းဒုံးစနစ်များ တပ်ဆင်ရေးအပါအဝင် ခေတ်မီလက်နက်များ ဝယ်ယူရရှိရေးအတွက် အမေရိကန်၏ အဓိကကာကွယ်ရေးကုမ္ပဏီနှစ်ခုဖြစ်သော လော့ခ်ဟိမာတင်နှင့် ရေးသီယွန် ကုမ္ပဏီတို့နှင့် အမေရိကန်ဒေါ်လာ လေးဘီလီယံခန့် တန်ဖိုးရှိသော စာချုပ်များကို ဒီဇင်ဘာလက ယူအေအီး၌ လက်မှတ်ရေးထိုး ချုပ်ဆိုခဲ့ကြောင်း ယူအေအီးနေ့စဉ်သတင်းစာ နေရှင်နယ်က ဖော်ပြသည်။

ဒုံးခွင်းဒုံးစနစ်သည် ယူအေအီးနှင့် အခြား ပင်လယ်ကွေ့နိုင်ငံများအတွက် အရေးပါကြောင်း၊ အကြောင်းမှာ အရှေ့အလယ်ပိုင်းနိုင်ငံ အများစုတွင် ပေါက်ကွဲစေတတ်သော ဒုံးပျံများ အများအပြား ပိုင်ဆိုင်ထားရှိနေသောကြောင့် ဖြစ်သည်ဟု ကာကွယ်ရေးကျွမ်းကျင်သူများက ဆိုကြသည်။

အင်တာနက်။

၂၀၀၉ခုနှစ် အပြည်ပြည်ဆိုင်ရာ ကာကွယ်ရေးပစ္စည်းပြပွဲကို အာရပ်စော်ဘွားများ ပြည်ထောင်စု အဘူဒါဘီ၌ကျင်းပရာ ပြခန်းတစ်နေရာကို ဖေဖော်ဝါရီ ၂၃ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်တွင် ဆွန်နီများအား တိုက်ခိုက်မှုဖြင့် ရှီးယိုက်ရဲအရာရှိ ၁၁ ဦးကို ဖမ်းဆီး

ဘဂ္ဂဒက် ဖေဖော်ဝါရီ ၂၅

အီရတ်အာဏာပိုင်များသည် ဒုတိယသမ္မတ တာရက်အယ်လ်ဟာရှီမီ၏ ညီမကို သတ်ခဲ့သူအပါအဝင် ရှီးယိုက်ရဲတပ်ဖွဲ့ အရာရှိ ၁၁ ဦးကို ဆွန်နီများအား တိုက်ခိုက်သည့် စွပ်စွဲချက်ဖြင့် ဖမ်းဆီးလိုက်ကြောင်း လုံခြုံရေးအရာရှိတစ်ဦးက အင်္ဂါနေ့တွင် ပြောကြားသည်။

၂၀၀၆ ခုနှစ် ဧပြီလတွင် ရဲအရာရှိသုံးဦးသည် နောက်ထပ်အီရတ်လူမျိုးတစ်ဦး၏ အကူအညီကို ရယူ၍ ဘဂ္ဂဒက်မြို့ အနောက်ပိုင်း၌ ခရီးသွားနေသော မေဆွန်အယ်လ်ဟာရှီမီနှင့် ၎င်း၏ကားမောင်းသူကို သတ်ဖြတ်ခဲ့သည်ဟု တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ဝန်ခံခဲ့

နိုင်ငံ၏ အဓိက ဆွန်နီအုပ်စုဖြစ်သော အစ္စလာမ့်စ်ပါတီမှ ၎င်းအစ်ကို၏ နိုင်ငံရေးလှုပ်ရှားမှုတွင် အမျိုးသမီးကဏ္ဍ၌ ခေါင်းဆောင်ဖြစ်သူ ဟာရှီမီကို သတ်ခဲ့ကြကြောင်း အဆိုပါ လူလေးဦးက ဝန်ခံခဲ့ကြသည်ဟု တာဝန်ရှိသူက ပြောကြားသည်။

ရဲတပ်ဖွဲ့ဝင် ၁၁ ဦးပါဝင်သော ၁၂ ဦး ဂိုဏ်းအဖွဲ့သည် ဘဂ္ဂဒက်မြို့၌ ဖြစ်ပွားခဲ့သော ပြန်ပေးဆွဲမှု၊ လူသတ်မှု အများအပြားတွင် ပါဝင်ပတ်သက်လျက်ရှိကြောင်း ရဲတပ်ဖွဲ့ဝင်တစ်ဦးအား ဖမ်းမိရာမှအစပြု၍ ကျန်ဂိုဏ်းအဖွဲ့ဝင်အားလုံးကို ဖမ်းမိခဲ့ကြောင်း လုံခြုံရေးအရာရှိက ထပ်ဆင့်ပြောကြားသည်။

၎င်းတို့သည် ကင်းလှည့်နေစဉ်တွင် အယ်လ်ကတ်ရပ်ကွက်မှ ဈေးရောင်းသူများနှင့် ကာရာဒါမှ အခြားသူများကို သတ်ခဲ့သည်ဟု ဝန်ခံထွက်ဆိုကြကြောင်း၊ ယင်းဖြစ်စဉ်အများစုသည် ၂၀၀၆ ခုနှစ်ကုန်တွင် ဖြစ်ပွားခဲ့ကြောင်း လုံခြုံရေးအရာရှိက ရှင်းလင်းပြောကြားသည်။

အင်တာနက်။

ကျားသူပုန်တို့ လက်ဝယ်ကျန်ရှိသည့် နောက်ဆုံးမြို့ကို သီရိလင်္ကာတပ်ဖွဲ့များ သိမ်းပြီ

ကိုလံဘို ဖေဖော်ဝါရီ ၂၅

သီရိလင်္ကာနိုင်ငံ မြောက်ပိုင်းတွင် တိုက်ပွဲပြင်းထန်စွာ ဆင်နွှဲပြီးနောက် အစိုးရတပ်ဖွဲ့များသည် ကျားသူပုန်များလက်ဝယ် နောက်ဆုံးကျန်ရှိနေသောမြို့ကို သိမ်းပိုက်လိုက်ပြီဖြစ်ကြောင်း စစ်ဘက်သတင်းများက ဖော်ပြသည်။

မြို့တော်ကိုလံဘို၏ အရှေ့မြောက်ပိုင်းရှိ ပူသူကူဒရီရူကူမြို့ကို အင်္ဂါနေ့တွင် သီရိလင်္ကာတပ်ဖွဲ့များက သိမ်းပိုက်နိုင်ပြီဖြစ်ကြောင်း ကာကွယ်ရေးဌာန အရာရှိများက ပြောကြားသည်။

ထိုမြို့သိမ်းတိုက်ပွဲတွင် တမီးလ်ကျားသူပုန်(အယ်လ်တီတီအီး)တို့ အထိနာသွားပြီး လက်နက်ခဲယမ်းများကိုလည်း သိမ်းပိုက်မိသည်ဟုဆိုသည်။ ယင်းသတင်းနှင့်ပတ်သက်၍ ကျားသူပုန်တို့ထံမှ တစ်စုံတစ်ရာ ဝေဖန်ချက်မရရှိပေ။

တစ်ချိန်တည်းလိုလို၌ပင် အရှေ့ပိုင်းဆိပ်ကမ်းမြို့ ထရင်ကိုမာလီတွင် ကျားသူပုန်များ သို့ဝှက်ထားသည်ဟု ယူဆရသောမြေပြင်မှ ဝေဟင်ပစ်ဒုံးတစ်စင်းကိုလည်း ရဲတပ်ဖွဲ့ဝင်များက ရှာဖွေသိမ်းဆည်းနိုင်ခဲ့သည်။ ယခုအတောအတွင်း သီရိလင်္ကာတွင် အပစ်အခတ်ရပ်စဲရေး ပေါ်ပေါက်လာစေရန် နိုင်ငံတကာ အသိုင်းအဝိုင်းက ကြားဝင်စေ့စပ်ပေးရေးအတွက် ကျားသူပုန်တို့က ကြေညာချက်ထုတ်ကာ မေတ္တာရပ်ခံလိုက်သည်။

အင်တာနက်။

သီရိလင်္ကာနိုင်ငံမြောက်ပိုင်းရှိ ကျားသူပုန်များကို ထိုးစစ်ဆင်နေသော သီရိလင်္ကာတပ်ဖွဲ့ဝင်အချို့အား ဖေဖော်ဝါရီ ၂၃ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အာဖဂန်နှင့် အမေရိကန် ပူးပေါင်းတပ်ဖွဲ့ တိုက်ခိုက်မှုကြောင့် သောင်းကျန်းသူ ၁၆ ဦး သေဆုံး

ကဘူး ဖေဖော်ဝါရီ ၂၅

အာဖဂန်နစ္စတန်နိုင်ငံ တောင်ဘက်ရှိ တာလီဘန်စစ်သွေးကြွ ဒုစရိုက်နယ်မြေဖြစ်သော ဟဲလ်မန့်ပြည်နယ်တွင် ဖေဖော်ဝါရီ ၂၃ရက်က အမေရိကန် ဦးဆောင်သော နိုင်ငံစုံတပ်ဖွဲ့များနှင့် အာဖဂန်တပ်ဖွဲ့များက သံသယရှိသော သောင်းကျန်းသူ ၁၆ ဦးအား သတ်ဖြတ်ခဲ့ကြောင်း အင်္ဂါနေ့တွင် အမေရိကန်စစ်ဘက်က ပြောကြားသည်။

အဆိုပါ စစ်ဆင်ရေးအတွင်း အရပ်သားနှင့် တပ်ဖွဲ့ဝင်များ ထိခိုက်မှုမရှိကြောင်း ၎င်းတို့က ပြောကြားသည်။ သို့သော် ယင်းတိုက်ခိုက်မှုနှင့် ပတ်သက်၍ တာလီဘန်စစ်သွေးကြွများက ဝေဖန်ပြောကြားခြင်း မရှိကြောင်း သိရသည်။

အင်တာနက်။

ကြေးမုံ The Mirror နိုင်ငံတကာသတင်းများ

အီသီယိုးပီးယားလေကြောင်းလိုင်း နိုင်ငံတကာခရီးစဉ်များ လျှော့ချ

ကမ္ဘာ့ဘဏ္ဍာရေးအကျပ်အတည်း ဖြစ်ပွားချိန်တွင် ခရီးသည်အရေအတွက် ကျဆင်းလာခြင်းကြောင့် အမေရိကန်နှင့် တရုတ်နိုင်ငံတို့သို့ ပျံသန်းသည့် လေယာဉ်ခရီးစဉ်များ လျှော့ချခဲ့ကြောင်း အီသီယိုပီးယားလေကြောင်းလိုင်းက တနင်္လာနေ့တွင် ပြောကြားသည်။

အာဖရိက၏ ဦးဆောင်လေကြောင်းလိုင်းတစ်ခုဖြစ်သော အီသီယိုးပီးယားလေကြောင်းလိုင်း၏ အမှုဆောင်အရာရှိချုပ်က ယင်းနှစ်နိုင်ငံမှလာသည့် ခရီးသည်များ ဝင်ရောက်မှုအရေအတွက် ကျဆင်းလာသည်ဟု ပြောကြားသည်။ အမေရိကန်သို့ ရက်သတ္တပတ်လျှင်ခရီးစဉ် ခြောက်ခုပျံသန်းနေရာမှ လေးခုသို့လည်းကောင်း၊ တရုတ်နိုင်ငံသို့ ရက်သတ္တပတ်လျှင် ခရီးစဉ် ၁၄ ခု ပျံသန်းနေရာမှ ၁၂ ခုသို့ လျှော့ချခဲ့ခြင်း ဖြစ်သည်။

အပြည်ပြည်ဆိုင်ရာ ခရီးစဉ်များကို ဖြတ်တောက်ပြေးဆွဲမည့် အီသီယိုးပီးယားလေကြောင်းလိုင်းမှ လေယာဉ်တစ်စင်းကို ဖေဖော်ဝါရီ ၂၃ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

နိုင်ငံတကာသတင်းမှတ်စု

တောင်ကိုရီးယား၌ အစားအစာအားဖြည့်ပစ္စည်းတွင် မယ်လမင်းတွေ့ရှိ

စပိန်နိုင်ငံ၌ ပြုလုပ်သော အစားအစာအားဖြည့်ပစ္စည်းတွင် မယ်လမင်းတွေ့ရှိကြောင်း တောင်ကိုရီးယားအစိုးရက အင်္ဂါနေ့တွင် ပြောကြားပြီး စားသောက်ကုန် ၁၂ မျိုးအား ရောင်းချခွင့်ကို တားမြစ်အမိန့်ထုတ်ပြန်ခဲ့သည်။

စပိန်နိုင်ငံရှိ ဂျာမနီကုမ္ပဏီက ပြုလုပ်သော သံဓာတ်ပါသည့် အားဖြည့်ပစ္စည်းတွင် မယ်လမင်းဓာတုပစ္စည်းအပုံ တစ်သန်းပုံလျှင် ၈ ဒသမ ၄ မှ ၂၀ ဒသမ ၉ပုံနှုန်း တွေ့ရှိကြောင်း ကိုရီးယားအစားအစာနှင့် ဆေးဝါးကြီးကြပ်ရေးဌာနက ဖော်ပြသည်။ ပြည်တွင်းသွင်းကုန်လုပ်ငန်းရှင်များက ချိမစ်ချီဖာဘရတ် ဘူဒင်ဟိန်ကေဂျီမှ ထုတ်လုပ်သော အားဖြည့်ပစ္စည်း ၅၄၀၀ ကီလိုဂရမ်ကို သွင်းယူခဲ့ပြီး ပြည်တွင်းစားသောက်ကုန်က ထုတ်လုပ်သောကုမ္ပဏီများသို့ ရောင်းချခဲ့ခြင်းဖြစ်သည်။

အင်ဒိုနီးရှား၌ ရေကြီး၊ မြေပြိုမှုဖြစ်ပွား

အင်ဒိုနီးရှားနိုင်ငံ အရှေ့ဂျာဗားပြည်နယ် မဲလောင်ဒေသတွင် ဖေဖော်ဝါရီ ၂၃ ရက် ညပိုင်းက ၁၀ နာရီကျော်ကြာ မိုးအဆက်မပြတ် ရွာသွန်းခြင်းကြောင့် ရေကြီးမှုဖြစ်ပေါ်ရာ ဆယ်ကျော်သက်ရွယ်တစ်ဦး သေဆုံးပြီး ဖေဖော်ဝါရီ ၂၄ ရက်တွင် မြေပြိုခြင်းကြောင့် မဲလောင်ဘီလစ်တာလမ်း ပိတ်ခဲ့ရသည်။

ရေလွှမ်းခြင်းကြောင့် ဆမ်ဘန်မြစ်ကူးတံတားသုံးစင်း ပျက်စီးခဲ့ပြီး ကျေးရွာလေးရွာနေ ပြည်သူအများအပြား အဆက်အသွယ် ပြတ်တောက်ခဲ့ကြောင်း၊ မိုးသည်းထန်စွာ ရွာခြင်းကြောင့် နဂန်တောင်ခရိုင်ရှိ ပါဂါဆာရီဒေသတွင် မြေပြိုခြင်းဖြစ်ပွားရာ ယာဉ်အသွားအလာ ပြတ်တောက်ခဲ့ကြောင်း ရဲတပ်ဖွဲ့အကြီးအကဲက ပြောကြားသည်။

ရှန်ဟိုင်းဆိပ်ကမ်း၌ နိုင်ငံတကာသင်္ဘော ၁၀၀ ခန့်သောင်တင်

တရုတ်နိုင်ငံတွင် ဖေဖော်ဝါရီလလယ်ကတည်းက မိုးရွာသွန်းမှုကြောင့် မြူများ ကျဆင်းလာရာ ရှန်ဟိုင်းဆိပ်ကမ်းဝန်းကျင်ရှိ အပြည်ပြည်ဆိုင်ရာသင်္ဘောသွားလာရေး လုပ်ငန်းများ ရပ်ဆိုင်းခဲ့ကြောင်း ဆိပ်ကမ်းအာဏာပိုင်များက အင်္ဂါနေ့တွင် ပြောကြားသည်။

ဝူဆန်ကူ၊ ဝိဂွာကျူနှင့် ယန်ရှန်ဆိပ်ကမ်းဒေသများ၌ ဖေဖော်ဝါရီ ၂၄ ရက် နံနက်ပိုင်းက နိုင်ငံတကာမှ သင်္ဘော ၁၀၀ ခန့်မှာ သွားလာမှုခရီးစဉ်များ နှောင့်နှေးခဲ့ရသည် သို့မဟုတ် ဖျက်သိမ်းခဲ့ရသည်ဟုဆိုသည်။ တရုတ်နိုင်ငံ အရှေ့ပိုင်းရှိ အကြီးဆုံးဆိပ်ကမ်း ရှန်ဟိုင်းတွင် နေ့စဉ်သင်္ဘော အဝင်အထွက် ၂၀၀၀ ကျော်ရှိကြောင်း သိရသည်။

တောင်အာဖရိကရှိ သတ္တုတွင်းဝန်ထမ်း ၅၅၀၀ လျှော့ချ

တောင်အာဖရိကတွင် အလုပ်အကိုင် ၅၅၀၀ လျှော့ချခဲ့ကြောင်း ဗြိတိန်သတ္တုတူးဖော်ရေးအုပ်စု လန်မင်ကုမ္ပဏီက အင်္ဂါနေ့တွင် ကြေညာသည်။ ကမ္ဘာ့တတိယအကြီးဆုံး ပလက်တီနမ် ထုတ်လုပ်သူ လန်မင်ကုမ္ပဏီက အနောက်မြောက်ပိုင်းပြည်နယ်ရှိ မာရီကာနာ သတ္တုတွင်း၌ အလုပ်လုပ်ကိုင်နေသူ ၄၀၀၀ နှင့် လမ်ပိုပိုပြည်နယ်တွင် အလုပ်လုပ်နေသူ ၁၅၀၀ ကို လျှော့ချခဲ့သည်ဟု ဆိုသည်။

စုစည်းဘာသာပြန်ဆိုသူ

စိုးစိုးနိုင်

ဝိုင်းမော်-ချီဖွေလမ်းပြုပြင်မှုအခြေအနေနှင့် ချီဖွေငယ် ရေအားလျှပ်စစ်စီမံကိန်း ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အုန်းမြင့် လှည့်လည်ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၂၅

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အုန်းမြင့်သည် ကချင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် စိုးဝင်းနှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ လိုက်ပါလျက် ဖေဖော်ဝါရီ ၁၉ရက် နံနက်ပိုင်းတွင် မြစ်ကြီးနားမြို့ကို မြို့အင်္ဂါရပ်နှင့်အညီ သန့်ရှင်းသပ်ရပ်သာယာလှပစေရေး ဆောင်ရွက်ထားရှိမှု အခြေအနေများကို မော်တော်ယာဉ်များဖြင့် လှည့်လည် ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် မြစ်ကြီးနားမြို့နယ်နှင့် ဝိုင်းမော်မြို့နယ်တို့ကို ဆက်သွယ်သည့် ဧရာဝတီမြစ်ကူး ဗလမင်းထင်တံတားနှင့် ဝိုင်းမော်မြို့နယ်ရှိ ဝါရှောင်ကွန်ကရစ်တံတားတို့၏ ကြံ့ခိုင်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရီးသွားပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

ထိုမှတစ်ဆင့် ဗိုလ်ချုပ်အုန်းမြင့်သည် အောက်နမ့်ော်ယန်ကျေးရွာအနီး မိုင်တိုင်အမှတ်(၁၈/၄)၌ အမာခံလမ်းကို မြေသားဖြည့်ညှိခြင်းနှင့် မြေသားသိပ်သည်းမှုရှိအောင် ဆောင်ရွက်နေမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ဝိုင်းမော်မြို့နယ် မန်ဒေါင်ကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်းသို့ ရောက်ရှိရာ ဆရာ၊ ဆရာမများက လိုအပ်သည်များကို ရှင်းလင်းတင်ပြကြပြီး ဗိုလ်ချုပ်အုန်းမြင့်က လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးကာ ကျောင်းသား၊ ကျောင်းသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး ထောက်ပံ့ငွေနှင့် လက်ဆောင်ပစ္စည်းများကို ပေးအပ်သည်။

ဆက်လက်၍ ဗိုလ်ချုပ်အုန်းမြင့်သည် ဝိုင်းမော်မြို့နယ်ရှိ (၅၉)မိုင် သံပေါင်ဘေလီကြိုးတံတား ကြံ့ခိုင်မှုအခြေအနေကို ဖြတ်သန်းကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ချီဖွေမြို့တောင်ဘက် ၁၁မိုင်ခန့်အကွာ ချီဖွေ-ပန်ဝါလမ်း မိုင်တိုင်အမှတ်(၈၂/၀)မိုင်အနီးရှိ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေး ဦးစီးဌာန ချီဖွေငယ် ရေအားလျှပ်စစ်စီမံကိန်း လုပ်ငန်းခွင်သို့ ရောက်ရှိပြီး အမှတ်(၆) ချဉ်းကပ်ဥမင်လိုဏ်အတွင်း ဖြတ်သန်းကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် စီမံကိန်းရှင်းလင်းဆောင်၌ တာဝန်ရှိသူတို့က ချီဖွေငယ်ရေအားလျှပ်စစ်စီမံကိန်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြပြီး ဗိုလ်ချုပ်အုန်းမြင့်က လုပ်ငန်းလိုအပ်ချက်များကို မေးမြန်းကာ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်ဖြင့် မေခ၊ မလိခ၊ ဧရာဝတီမြစ်ဝှမ်းတစ်လျှောက်၌ ရေအရင်းအမြစ်များမှ လျှပ်စစ်ဓာတ်အား ထုတ်ယူသုံးစွဲရန် ရည်ရွယ်၍ ကချင်ပြည်နယ်အတွင်း ရေအားလျှပ်စစ်စီမံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ယခုစီမံကိန်းကို အချိန်မီ ပြီးစီးအောင်နှင့် အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်ကြရန် မှာကြားပြီး လက်ဆောင်ပစ္စည်းများ ပေးအပ်ကာ မှတ်တမ်းဓာတ်ပုံရိုက်သည်။

ထိုမှတစ်ဆင့် ဗိုလ်ချုပ်အုန်းမြင့်နှင့် အဖွဲ့ဝင်များသည် ချီဖွေမြို့အဝင်ရှိ မေခမြစ်ကူး ဇန်နောင်ယန်ကြိုးတံတားကြံ့ခိုင်မှုအခြေအနေများကို ဖြတ်သန်းကြည့်ရှုစစ်ဆေးကြသည်။

ဗိုလ်ချုပ်အုန်းမြင့်သည် ညနေပိုင်းတွင် ချီဖွေမြို့ ဇန်နောင်ယန်ကျေးရွာအနီး မေခမြစ်သဲသောင်ပြင်၌ ကျင်းပသည့် ဒုတိယအကြိမ် အောက်ဘမ်မနော‌ပွဲတော်သို့ ရောက်ရှိပြီး ကချင်အထူးဒေသ(၁)နှင့်(၂)တို့မှ တိုင်းရင်းသားခေါင်းဆောင်များနှင့် တွေ့ဆုံကာ ပွဲတော်လာ တိုင်းရင်းသားပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်၍ အားပေးစကားပြောကြားသည်။

(သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

ကာကွယ်ရေး ဝန်ကြီးဌာနမှ ဗိုလ်ချုပ်အုန်းမြင့် ချီဖွေမြို့နယ်ရှိ ချီဖွေငယ် ရေအားလျှပ်စစ်စီမံကိန်း၏ အမှတ်(၆) ချဉ်းကပ်ဥမင်လိုဏ်ကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

စက်မှုသင်တန်းကျောင်း(သာဂရ) ဖွင့်ပွဲနှင့် လွှဲပြောင်းလက်ခံခြင်း အခမ်းအနားကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၂၅

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ အမှတ်(၂) စက်မှုဝန်ကြီးဌာနက ပဲခူးတိုင်း ရေတာရှည်မြို့နယ်ရှိ သာဂရစက်မှုနယ်မြေ၌ အကောင်အထည်ဖော်ခဲ့သော အဆင့်မြင့် စက်မှုသင်တန်းကျောင်းဖြစ်သည့် စက်မှုသင်တန်းကျောင်း (သာဂရ) ဖွင့်ပွဲနှင့် လွှဲပြောင်းလက်ခံခြင်း အခမ်းအနားကို ယနေ့ နံနက် ၉နာရီတွင် အဆိုပါသာဂရစက်မှုနယ်မြေ၌ ကျင်းပသည်။

အခမ်းအနားသို့ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးသိန်း၊ ဒုတိယဝန်ကြီး ဒုတိယဗိုလ်မှူးကြီး ခင်မောင်ကျော်၊ မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Park Key-Chong၊ ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (Korea International Cooperation Agency - KOICA)မှ ဒုတိယဥက္ကဋ္ဌ Mr. Ahn Won Dongနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဖိတ်ကြားထားသူများနှင့် ဝန်ထမ်းများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးသိန်း၊ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Park Key-Chongနှင့် ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီမှ ဒုတိယဥက္ကဋ္ဌ Mr. Ahn Won Dong တို့သည် စက်မှုသင်တန်းကျောင်း(သာဂရ)ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ဝန်ကြီးက စက်မှုသင်တန်းကျောင်း (သာဂရ)၏ ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး ဝန်ကြီးနှင့် ဧည့်သည်တော်များက ကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးကာ မင်္ဂလာမုခ်ဦးရှေ့၌ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် သင်တန်းကျောင်း လွှဲပြောင်းလက်ခံခြင်း အခမ်းအနားကို စုဝေးခန်းမ၌ ကျင်းပရာ ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းက အဖွင့်အမှာစကားပြောကြားပြီး သံအမတ်ကြီး H.E. Mr. Park Key-Chongနှင့် ဒုတိယဥက္ကဋ္ဌ Mr. Ahn Won Dongတို့က ဝမ်းမြောက်စကားပြောကြားကြသည်။

ဆက်လက်၍မြန်မာ့စက်မှုလုပ်ငန်းများ စီမံကိန်းညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးအောင်နှင့် ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်း ဆောင်ရွက်ရေးအေဂျင်စီ ဌာနေကိုယ်စားလှယ် Mr. Cho Kwang Geol တို့က သင်တန်းကျောင်း လွှဲပြောင်းလက်ခံခြင်းဆိုင်ရာ မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြကာ အပြန်အလှန် လဲလှယ်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် ဝန်ကြီးနှင့် ဧည့်သည်တော်များသည် စက်မှုသင်တန်းကျောင်း၏ ပင်မဆောင်အတွင်းရှိ သင်ကြားရေးခန်းမများ၊ ကျောင်းသားရေးရာဌာန၊ Electronic Department နှင့် Electricity Department အတွင်းရှိ သင်ကြားရေးစက်ကိရိယာများ၊ Testing Equipment များ၊ Computer များကိုလည်းကောင်း၊ CAD/CAM Department တွင် CNC Machining Center, CNC Lathe များဖြင့် စက်ခုတ်စားနေမှုကိုလည်းကောင်း၊ Machinery Department ရှိ Hydraulic & Pneumatic ခန်း၊ Grinding Machine ခန်း၊ Welding ခန်းနှင့် Lathe Machine ခန်းတို့ကိုလည်းကောင်း လှည့်လည်ကြည့်ရှုကြရာ Project Manager, Mr. Yeong Wook Kim နှင့် တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

ယနေ့ ဖွင့်လှစ်သည့် စက်မှုသင်တန်းကျောင်း(သာဂရ)ကို ကိုရီးယားသမ္မတနိုင်ငံအစိုးရ၏ အထောက်အပံ့ဖြင့် တည်ထောင်ခဲ့ခြင်းဖြစ်ပြီး အဆိုပါ သင်တန်းကျောင်းမှ Electronic Course, Electricity Course, CAD/CAM Course နှင့် Machinery Course စသည့် ဘာသာရပ်လေးမျိုးကို တစ်နှစ်သင်တန်းများအဖြစ် ဖွင့်လှစ်သင်ကြား ပို့ချသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr.Park Key-Chong နှင့် ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီမှ ဒုတိယဥက္ကဋ္ဌ Mr.Ahn Won Dong တို့ စက်မှုသင်တန်းကျောင်း(သာဂရ)ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

စာပေဗိမာန်စာမူဆုရစာအုပ်များ ဖြန့်ချိ

ရန်ကုန် ဖေဖော်ဝါရီ ၂၅

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း စာပေဗိမာန်က စာပေဗိမာန်စာမူဆုရစာအုပ်များကို ဖြန့်ချိရောင်းချနေပြီဖြစ်သည်။

အဆိုပါစာအုပ်များမှာ သုသိဏ်ရေးသားသော "နေမမြင်ရေပြင်ခဲ သဲကန္တာရလည်းဖြစ်ပါစေ"စာအုပ်၊ နေမျိုးသန့် ရေးသားသည့် "ဘဝလှေ့ရွှာ ပန်းအလင်္ကာ" စာအုပ်၊ မောင်ဆန္ဒ(လယ်ဝေး) ရေးသားသည့် "မြူမှောင်ကင်း၍ လမင်းသာ" စာအုပ်၊ ထန်လှိုင်ရေးသားသည့် "မြန်မာ့ရိုးရာဖက်ဝန်းလှီးပညာ"စာအုပ်၊ ရေနံ့သာမောင်ကျော်ညွန့် ရေးသားသည့် "မောင်ရုပ်ဆိုးကို ချစ်ကြသည်နှင့် အခြားဝတ္ထုတိုများ"စာအုပ်၊ အောင်စိုး(စိုက်ပျိုး/၁၀၇) ရေးသားသည့် "ဖွံ့ဖြိုးဝေဆာ ခေတ်သစ်စိုက်ပျိုးရေးရာ" စာအုပ်၊ မောင်အုန်းသောင်း(မကွေး) ရေးသားသည့် "ပန်းတွေဝှက်တဲ့ အိပ်မက်အိမ်" စာအုပ်၊ သွဲ့ထားညို(သက္ကလ) ရေးသားသည့် "သတိတစ်ချက်၊ ဘဝတစ်သက်နှင့် လူငယ်ဝတ္ထုတိုများ" စာအုပ်တို့ဖြစ်သည်။

အဆိုပါစာအုပ်များကို နေပြည်တော် သပြေကုန်းဈေးရှိ စာပေဗိမာန် စာအုပ်ဆိုင်၊ ရန်ကုန်မြို့ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင်နှင့် မြို့အသီးသီးရှိ စာပေဗိမာန် ကိုယ်စားလှယ်များထံတွင် ဝယ်ယူရရှိနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မိတ္ထီလာ တပ်မတော်ကလေးများ အထက်တန်းကျောင်း မြတ်ဆရာပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၅

မိတ္ထီလာမြို့ ယခင်တပ်မတော်ကလေးများ အထက်တန်းကျောင်း၌ ၁၉၅၆ခုနှစ်မှ ၁၉၆၈ခုနှစ်အတွင်း ပညာသင်ကြားပေးခဲ့ကြသော ဆရာ၊ ဆရာမကြီးများအား ကျောင်းသားကျောင်းသူဟောင်းများက နှစ်စဉ်ကျင်းပမြဲအတိုင်း ပူဇော်ကန်တော့ပွဲကို မတ် ၈ရက် နံနက် ၈နာရီမှ ၁၂နာရီထိ ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဓမ္မစေတီလမ်းအမှတ်(၁၅၈) မိုးညှင်းဝိပဿနာကျောင်းတိုက် စိန်တိုးဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသား ကျောင်းသူဟောင်းများ မပျက်မကွက်တက်ရောက်ကြရန်နှင့် အလှူငွေများကို ဖြစ်မြောက်ရေးကော်မတီဝင်များဖြစ်ကြသော ပါမောက္ခ ဗိုလ်မှူးကြီးကျော်ညွန့် (ငြိမ်း) ဖုန်း-၀၉ ၈၀ ၃၁၀၁၄၊ ဒေါ်သန်းသန်းအေးမောင် ဖုန်း-၂၁၅၅၀၂၊ ဦးဇော်နေဝင်း ဖုန်း-၂၁၂၁၉၆၊ ဦးသောင်းဟန် ဖုန်း-၅၉၀၅၇၅၊ ဒေါ်ဇာနီအောင် ဖုန်း-၂၁၅၀၄၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၆-၂-၂၀၀၉(ကြာသပတေးနေ့)

AM & PM

၇း၀၀ - ၁း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅ - ၁း၀၅	"မဟာသရဏဂုံ"တရားတော် (ဘဒ္ဒန္တဝေပုလ္လဆရာတော်)
၈း၀၀ - ၂း၀၀	တိုးပွားဆောင်ရွက်နိုင်ငံ့လက် ဖေးကူမွေးမြူတို့အတူ "ငါးမျိုးဗီဇမြှင့်တင်ရေးလုပ်ငန်း"
၈း၂၀ - ၂း၂၀	အနုပညာမိုးကောင်းကင်
၈း၄၅ - ၂း၄၅	မနေ့းအမြန်ရွှေသက်န်းကုသိုလ်လှူကြရန်
၉း၀၀ - ၃း၀၀	Activities In The City (မြန်မာစာရေးဆရာများ၏ စာစုစာရင်းစာအုပ်ထုတ်ဝေခြင်း အထိမ်းအမှတ်)
၉း၁၅ - ၃း၁၅	ပြည်တွင်းသတင်းအကျဉ်း
၉း၂၅ - ၃း၂၅	ဟန်ကျတဲ့စံပြစိုက်ပျိုးရေးအထူးဇုန်
၉း၃၅ - ၃း၃၅	သဘာဝကပေးတဲ့အကျိုးအာနိသင်
၉း၅၅ - ၃း၅၅	တေးဂီတအစီအစဉ်
၁၀း၀၀ - ၄း၀၀	ပြည်သူ့အတွက်ကျန်းမာရေး (မီးလောင်ခံရသူအားရှေးဦးသူနာပြုစုနည်း) (ဒေါက်တာခင်နှင်းဦး)
၁၀း၀၅ - ၄း၀၅	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၁၀ - ၄း၁၀	Yangon Panorama[Healthy Shop (Paris) နှစ်နှစ်ပြည့်အခမ်းအနား]
၁၀း၃၀ - ၄း၃၀	မိုးလေဝသခန့်မှန်းချက်
၁၀း၃၅ - ၄း၃၅	လေ့လာဆည်းပူးသင်ယူချင်စရာ RV Centre မှာ (အပိုင်း-၁)
၁၁း၀၅ - ၅း၀၅	တေးဂီတအစီအစဉ်
၁၁း၁၀ - ၅း၁၀	ပြည်တွင်းသတင်းအကျဉ်း
၁၁း၂၀ - ၅း၂၀	ဆန်းသစ်တီထွင်ဒီဇိုင်းဖက်ရှင် (ဒီဇိုင်နာဖွေးဖွေးနှင့်တွေ့ဆုံခြင်း)
၁၁း၅၀ - ၅း၅၀	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၅၅ - ၅း၅၅	ဂီတသံစဉ်အလှဆင်(မေဆွိ)
၁၂း၁၅ - ၆း၁၅	အဆုံးအဖြတ် (ခန့်စည်သူ၊ အေးမြတ်သူ၊ ငှက်ပျောကြော်၊ မျိုးမျိုးခိုင်၊ ကျင်ဝှက်၊ သိန်းဇံ) (ဒါရိုက်တာ-ဖုန်းမြင့်အောင်)
၁၂း၃၀ - ၆း၃၀	Cartoon Show Time (Ice Age)
၁း၀၀ - ၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တာနက်ဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်

တိုင်းမှူး ဗိုလ်ချုပ်တင်ငွေ ကတ္တရာလမ်းသစ်ဖွင့်ပွဲ တက်ရောက်

နေပြည်တော် ဖေဖော်ဝါရီ ၂၅

(၆၂)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ၄၈ လမ်း × မနော်ဟရီလမ်းမှ မြို့ပတ်လမ်းအထိ ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၀ ရက် နံနက်ပိုင်းတွင် မန္တလေး ချမ်းမြသာစည်မြို့နယ်ရှိ အဆိုပါလမ်းသစ်၌ ကျင်းပသည်။

အခမ်းအနားတွင် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်တင်ငွေနှင့် မြို့တော်ဝန် ဗိုလ်မှူးချုပ် ဖုန်းဇော်ဟန်တို့က လမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

တိုင်းမှူးသည် ဖေဖော်ဝါရီ ၁၀ ရက် နံနက် ၁၁ နာရီတွင် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် ၂၀၀၉ ခုနှစ် ပြည်နယ်နှင့်တိုင်း အမျိုးသား(အလွတ်တန်း) ဘောလုံးပြိုင်ပွဲတွင် ပထမ တံခွန်စိုက်ဒိုင်းဆုရ မန္တလေးတိုင်း ဘောလုံးအသင်းအား ဂုဏ်ပြု ကြိုဆိုပွဲ အခမ်းအနားသို့ တက်ရောက်ပြီး အမှာစကား ပြောကြားကာ ဆုရဒိုင်းကြီးအားလက်ခံကြောင်း သတင်းရရှိသည်။ **(ယာပုံ)** (သတင်းစဉ်)

ဖျာပုံမြို့နယ် မှော်ဘီနှင့်ထိန်တပင်ကျေးရွာ မူလတန်းကျောင်းဆောင်သစ်ဖွင့်ပွဲ ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင် တက်ရောက်အားပေး

နေပြည်တော် ဖေဖော်ဝါရီ ၂၅

ဧရာဝတီတိုင်း ဖျာပုံမြို့နယ် မှော်ဘီကျေးရွာအုပ်စု မှော်ဘီကျေးရွာနှင့် ထိန်တပင်ကျေးရွာ အခြေခံပညာ မူလတန်းကျောင်းဆောင်သစ်များဖွင့်ပွဲနှင့် ပညာရေးဌာနသို့ အဆောက်အအုံ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၂ ရက် နံနက်ပိုင်းတွင် မှော်ဘီကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ ကျင်းပရာ အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဝင် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင် တက်ရောက်အားပေးပြီး အလှူရှင် ရန်ကုန်မြို့ Gate Way Group Co., Ltd. မှ ဒေါက်တာနိုင်ထွန်းအောင်နှင့် ဒေါ်ဝေဝေရင်တို့က ကျောင်းဆောင်သစ် အဆောက်အအုံကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ (အပေါ်ဝဲပုံ)

ယင်းနောက် အလှူရှင် ဒေါက်တာနိုင်ထွန်းအောင်က ကျောင်းဆောင်သစ်များ ဆောက်လုပ် လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားကာ ကျောင်းဆောင်သစ်နှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းများကို မြို့နယ်ပညာရေးမှူးထံပေးအပ်ပြီး ဝန်ကြီးက ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ ဝန်ကြီးက စာသင်ကျောင်းအတွက် စာသင်ခုံ၊ စားပွဲနှင့် ဗီရိုများ ပြုလုပ်လှူဒါန်းသော အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများကိုလည်းကောင်း၊ ကျောင်းအုပ်ကြီးထံကျောင်းသား၊ ကျောင်းသူများအတွက် စားသောက်ဖွယ်ရာ ထောက်ပံ့ပစ္စည်းများကို လည်း ကောင်း ပေးအပ်ပြီး ရပ်မိရပ်ဖတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် ဝန်ကြီးက ဒေသတွင်း ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်ပေးနေမှု အခြေအနေနှင့် စပ်လျဉ်း၍ အမှာစကားပြောကြားသည်။

ဆောက်လုပ်လှူဒါန်း

အဆိုပါ (၇၂×၃၀)ပေရှိ မှော်ဘီကျေးရွာစာသင်ကျောင်းနှင့် ပေ(၆၀×၃၀)ရှိ ထိန်တပင်ကျေးရွာ စာသင်ကျောင်း အုတ်ညှပ်တစ်ထပ် အဆောက်အအုံများကို Gate Way Group Co., Ltd.ကငွေကျပ် ၃၇၇ သိန်း အကုန်အကျခံ ဆောက်လုပ် လှူဒါန်းခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဝက်လက်မြို့နယ်နှင့် ရွှေဘိုမြို့နယ် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၂၅

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး တင်ငွေသည် ဖေဖော်ဝါရီ ၁၇ ရက် နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်း ဝက်လက်မြို့နယ် သားနားချောင်ကျေးရွာ၌ စိုင်နိုင်လေး၊ သားနားချောင်နှင့်မိတ္ထီလာ ကျေးရွာတို့မှ ကျေးလက်ပြည်သူများအား တွေ့ဆုံပြီး စိုင်နိုင်လေး၊ မိတ္ထီလာ၊ ဆင်မြေနှင့် သားနားချောင်ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် ငွေကျပ်တစ်သိန်းစီကို ပေးအပ်လှူဒါန်းသည်။ ထို့နောက် သားနားချောင်-မိတ္ထီလာ- စိုင်နိုင်လေး ကိုယ့်အားကိုယ်ကိုး ကျောက်ချောလမ်း ခင်းရန်အတွက် ရွှေသပြေကုမ္ပဏီအလှူရှင် ဦးသိန်းဝင်းက ငွေကျပ်ငါးသိန်းကိုပေးအပ်လှူဒါန်းသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် ဝက်လက်မြို့နယ် ဟံလင်းစံပြကျေးရွာ အခြေခံပညာ မူလတန်းကျောင်းခန်းမ၌ တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ ကျေးရွာပြည်သူများအားတွေ့ဆုံပြီး ဟံလင်းကျေးရွာစာသင်ကျောင်း၊ ဆေးပေးခန်းနှင့် စာကြည့်တိုက်အတွက်အလှူငွေကျပ်တစ်သိန်းစီပေးအပ်သည်။ ဒုတိယဝန်ကြီးသည် မွန်းလွဲပိုင်းတွင် ရွှေဘိုမြို့သို့ရောက်ရှိပြီး ရွှေဘိုမြို့ ရေပေးဝေလျက်ရှိသော အနေ့သဲရေစစ်ကန် ကြံ့ခိုင်ရေးဆောင်ရွက်ခြင်း၊ မဟာနန္ဒာကန် နုန်းတူးဖော်ခြင်းနှင့် တာဖို့ခြင်းလုပ်ငန်းများကိုလည်းကောင်း၊ ဆင်ဖြူရှင်လမ်းအား ကျောက်ခင်းနေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။ **(ယာပုံ)**

ထို့နောက် စစ်ကိုင်းတိုင်း ဝက်လက်မြို့၌ ဝက်လက်မြို့ပေါ် ရေပေးဝေလျက်ရှိသည့် ရွှေအိုးတွင်း အမှတ်(၃) ရပ်ကွက်ခရေလမ်း ရေစက်ရုံကို ကြည့်ရှုစစ်ဆေးပြီး ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်အတွင်း နိုင်ငံတော် ထောက်ပံ့ငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် ဝက်လက်-ခေါ်တော-ရွာသာကြီးလမ်း ကျောက်ချောခင်းခြင်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

တီးတိန်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေး ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၅

တီးတိန်အသင်း (ရန်ကုန်)၏ နှစ်ပတ်လည်အစည်းအဝေးကို ဖေဖော်ဝါရီ ၂၈ ရက် (စနေနေ့) နံနက် ၁၀ နာရီတွင် မြေနီကုန်း အမှတ်(၈၁) ဓမ္မာရုံလမ်းရှိ Faith Baptist Theologiacal Seminary ၌ ကျင်းပမည်ဖြစ်ပါ၍ မြို့နယ်သူ၊ မြို့နယ်သားများအားလုံး အသင်းဝင်သည်ဖြစ်စေ၊ မဝင်သည်ဖြစ်စေ၊ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်နိုင်ကြောင်း သိရသည်။ (ကြေးမုံ)

စီးပွားရေးလုပ်ငန်းများအတွက် မရှိမဖြစ်အရေးပါသော အာမခံဟောပြောဆွေးနွေးပွဲ ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၅

တူဒေးစာအုပ်တိုက်မှ ထုတ်ဝေသော CEO စီးပွားရေးနှင့်စီမံခန့်ခွဲမှု မဂ္ဂဇင်းက ကြီးမှူးကျင်းပသည့် စီးပွားရေးလုပ်ငန်းများအတွက် မရှိမဖြစ် အရေးပါသော အာမခံ အမည်ရှိ ဟောပြောဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၂၁ ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ Parkroyal Yangon Hotel ၌ကျင်းပသည်။ ဆွေးနွေးပွဲတွင်မြန်မာ့အာမခံလုပ်ငန်းမှ အထွေထွေမန်နေဂျာ ဒေါက်တာ မောင်မောင်သိမ်းက ဟောပြောဆွေးနွေးပြီး **(အပေါ်ပုံ)** မြန်မာ့စီးပွားရေး နယ်ပယ်အသီးသီးမှ မန်နေဂျာများ၊ CEO မဂ္ဂဇင်းကို နှစ်စဉ်ကြေး ကြိုတင်ပေးသွင်း ဖတ်ရှုကြသူများ တက်ရောက်ကြသည်။အဆိုပါဆွေးနွေးပွဲအတွက် Enervon- C၊ PAN နှင့် Smart Technical Services တို့ကပံ့ပိုးကူညီပြီး အာမခံနှင့်ပတ်သက်သော အချက်အလက်များကို မြန်မာ့စီးပွားရေးနယ်ပယ် အသီးသီးတွင် လုပ်ဆောင်နေကြသူများ နားလည်သဘောပေါက်စေရန် ရည်ရွယ်၍ CEO မဂ္ဂဇင်းက ၂၀၀၉ ခုနှစ် အတွက် ပထမဆုံးအကြိမ် ဟောပြောဆွေးနွေးပွဲအဖြစ် စီစဉ်ကျင်းပခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အမျိုးသမီးကာယကြံ့ခိုင်မှုလေ့ကျင့်ရေးကလပ် နှစ်(၂၀)ပြည့်ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၅

၂၀၀၉ ခုနှစ် အမျိုးသမီး ကိုယ်ကာယကြံ့ခိုင်မှု လေ့ကျင့်ရေးကလပ်၏ နှစ်(၂၀)ပြည့်အထိမ်းအမှတ်အခမ်းအနားကိုဖေဖော်ဝါရီ ၂၃ ရက် နံနက် ၈ နာရီခွဲက ဦးဝိစာရလမ်း အမျိုးသားရေကူးကန်ဝင်းအတွင်းရှိ လေ့ကျင့်ရေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်၊ မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဒေါ်အယ်လ်ခွန်းရီ၊ အမျိုးသမီး ကိုယ်ကာယကြံ့ခိုင်မှု လေ့ကျင့်ရေးကလပ် နာယက ဒေါ်ကြည်ကြည်စိန်၊ ဥက္ကဋ္ဌ ဒေါ်ရီရီစိန်၊ ဒုတိယဥက္ကဋ္ဌများနှင့် အမှုဆောင်များ၊ သရုပ်ပြအားကစား အဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ **(အောက်ပုံ)**

ထို့နောက် အမျိုးသမီး ကိုယ်ကာယကြံ့ခိုင်မှု လေ့ကျင့်ရေးကလပ်အဖွဲ့များက သရုပ်ပြခြင်းနှင့် အလှည့်ကျ အားကစားနည်းအလိုက် သရုပ်ပြပွဲများကို တင်ဆက်သရုပ်ပြကြပြီး သင်တန်းနည်းပြဆရာများ၊ သရုပ်ပြအဖွဲ့များ၊ ဝိုင်းဝန်းကူညီခဲ့ကြသူများအား မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဒေါ်အယ်လ်ခွန်းရီ၊ အမျိုးသမီး ကိုယ်ကာယ ကြံ့ခိုင်မှုလေ့ကျင့်ရေးကလပ် နာယက ဒေါ်ကြည်ကြည်စိန်၊ ဥက္ကဋ္ဌ၊ ဒု-ဥက္ကဋ္ဌများနှင့် အမှုဆောင်များက အလှည့်ကျ ဆုများပေးအပ်ချီးမြှင့်ပြီး အခမ်းအနားကိုရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (အား/ကာ)

အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး သူရမြင့်အောင် အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီ အဌမအကြိမ် ညှိနှိုင်းအစည်းအဝေးတွင် ဆွေးနွေးမှာကြားစဉ်။ (သတင်းစဉ်)

အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီ အဌမအကြိမ် ညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၂၅

အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီး ထိန်းသိမ်းရေးကော်မတီ အဌမအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ မွန်းလွဲ ၂ နာရီခွဲတွင် နေပြည်တော်ရှိ ကာကွယ်ရေးဝန်ကြီးဌာန စစ်ရေးချုပ်ရုံး အစည်းအဝေး ခန်းမ၌ကျင်းပရာ အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီ ဥက္ကဋ္ဌ၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသူရမြင့်အောင် တက်ရောက်၍ ဆွေးနွေးမှာကြားသည်။

အဆိုပါ ညှိနှိုင်းအစည်းအဝေးသို့ အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီး ထိန်းသိမ်းရေးကော်မတီ အတွင်းရေးမှူး စစ်ဥပဒေချုပ် ဗိုလ်ချုပ်စိုးမောင်၊ ကော်မတီဝင်များဖြစ်ကြသော ဒုတိယဝန်ကြီးများ၊ ဒုတိယတရားသူကြီးချုပ်၊ ဒုတိယရှေ့နေချုပ်နှင့် တပ်မတော်အရာရှိကြီးများ၊ အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီး ထိန်းသိမ်းရေးကော်မတီ ဥက္ကဋ္ဌ၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး သူရမြင့်အောင်က အမှာစကားပြောကြားရာတွင် ယနေ့ကျင်းပသည့် အစည်းအဝေးသည် အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှကာကွယ်တားဆီးထိန်းသိမ်းရေး ကော်မတီ၏ အဌမအကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးဖြစ်ကြောင်း။

ကော်မတီကို နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ၂၀၀၄ ခုနှစ် ဇန်နဝါရီ ၅ ရက်တွင် စတင်ဖွဲ့စည်းပေးခဲ့ပြီး ၂၀၀၇ ခုနှစ် ဒီဇင်ဘာ ၁၄ ရက်တွင် ယခုနောက်ဆုံး အခြေအနေနှင့်ကိုက်ညီသည့် ကော်မတီကို အသစ်ပြင်ဆင်ဖွဲ့စည်းပေးခဲ့ကြောင်း၊ ကော်မတီ၏ သက်တမ်း ငါးနှစ်တာကာလအတွင်း ညှိနှိုင်းအစည်းအဝေး ခုနစ်ကြိမ် ပြုလုပ်ခဲ့ပြီး ရှေ့လုပ်ငန်းစဉ်များ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြောင်း။

မိမိတို့ ကော်မတီအနေဖြင့် "အရွယ်မရောက်သေးသူ ကလေးသူငယ်များအား အတင်းအကျပ် တပ်သားအဖြစ် စုဆောင်းခြင်းမပြုရန်၊ ကလေးသူငယ်များ၏ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရန်နှင့် ကလေးသူငယ်များ၏ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရန်အတွက် ထုတ်ပြန်ထားသော အမိန့်နှင့် ညွှန်ကြားချက်များကို တိကျစွာ လိုက်နာဆောင်ရွက်ရေးအတွက် ကြပ်မတ်ဆောင်ရွက်သွားရန်" ဆိုသည့် ရည်ရွယ်ချက် (၃)ရပ်နှင့်အညီ ကြပ်မတ်ဆောင်ရွက်ပေးလျက်ရှိကြောင်း။

အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီ၏ သတ္တမအကြိမ် ညှိနှိုင်းအစည်းအဝေးတွင်ဆောင်ရွက်ရန် ဆုံးဖြတ်ချက် (၆)ရပ်ချမှတ်ခဲ့ပြီး ဆုံးဖြတ်ချက်များကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိ ရကြောင်း။

မိမိတို့နိုင်ငံတွင် ကလေးသူငယ်များ၏ လွတ်လပ်မှုကို ကာကွယ်တားဆီးထိန်းသိမ်းနိုင်သော ဥပဒေ၊ နည်းဥပဒေ၊ အမိန့်နှင့် ညွှန်ကြားချက်များရှိပြီး ဖြစ်သကဲ့သို့ အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးသည့် ဥပဒေနှင့် အမိန့်များလည်း ရှိပြီးဖြစ်ကြောင်း၊ ထို့အပြင် ပြည်သူလူထုအတွင်း ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်ရန်အတွက် စစ်သားစုဆောင်းရေးဆိုင်ရာ လက်ကမ်းကြော်ငြာ၊ နံရံကပ်ပိုစတာများကိုလည်း ကျေးလက်ဒေသအထိရောက်ရှိအောင် ဖြန့်ဝေပေးလျက်ရှိပြီး မြေစိုက်ပိုစတာကြီးများကိုပါ မြို့ကြီးများတွင် စိုက်ထူကြော်ငြာထားပြီး ဖြစ်ကြောင်း၊ ထို့အပြင် ကလေးသူငယ်များ စစ်မှုထမ်းခြင်းမှ ကာကွယ်ရန် စစ်သည်များ လိုက်နာဆောင်ရွက်ရန် အချက်များပါဝင်သည့် တပ်မတော်သားများအတွက် အိတ်ဆောင်ကတ်ပြားများကို ထုတ်ဝေပေးထားပြီးဖြစ်ကြောင်း။

မိမိတို့ကော်မတီအနေဖြင့် ကုလသမဂ္ဂလက်အောက်ခံ UNICEF အပါအဝင် မြန်မာနိုင်ငံတွင် တာဝန်ထမ်းဆောင်နေကြသော နိုင်ငံခြားသံအမတ်ကြီးများနှင့် စစ်သံမှူးများအား ရန်ကုန်နှင့် မန္တလေးမြို့များရှိ စစ်သားစုဆောင်းရေးတပ်များနှင့် စစ်အခြေခံလေ့ကျင့်ရေးတပ်များသို့ သွားရောက် လေ့လာစေခဲ့ကြောင်း၊ အဆိုပါ တပ်များတွင် စုဆောင်းရရှိထားသော တပ်သားသစ်လောင်းများနှင့် သင်တန်းသားများအား ရင်းရင်းနှီးနှီး တွေ့ဆုံမေးမြန်းနိုင်ရန် စုစုပေါင်း ခုနစ်ကြိမ် စီစဉ်ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကြောင်း။

ထို့အပြင် မိမိတို့ ကော်မတီနှင့် လူမှုဝန်ထမ်းဦးစီးဌာန၊ ယူနီဆက်ဖ်တို့ ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်တစ်ရပ် အဖြစ် ရန်ကုန်မြို့ရှိ လူမှုဝန်ထမ်း အတတ်သင်သိပ္ပံကျောင်း(ကျိုက်ဝိုင်း)၌ အရွယ်မရောက်သေးသူ ကလေးသူငယ်များအား၏ စစ်မှုထမ်းခြင်းမှ ကြိုတင်ကာကွယ် တားဆီးထိန်းသိမ်းရေး အသိပညာပေးသင်တန်းများကို ၂၀၀၈ ခုနှစ်အတွင်း နှစ်ကြိမ်ဖွင့်လှစ်နိုင်ခဲ့ပြီး ကော်မတီအနေဖြင့် ၂၀၀၇ ခုနှစ်မှ ၂၀၀၈ ခုနှစ်အထိ စုစုပေါင်း သင်တန်းခုနစ်ကြိမ် ဖွင့်လှစ်နိုင်ခဲ့ကာ တပ်မတော် လေ့ကျင့်ရေး သင်တန်းကျောင်းများနှင့် စစ်သားစုဆောင်းရေး တပ်များမှ အရာရှိ/စစ်သည်များ၊ လူမှုဝန်ထမ်းဦးစီးဌာန၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၊ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့မှ သင်တန်းသားစုစုပေါင်း ၂၅၁ဦး တက်ရောက်စေနိုင်ခဲ့ကြောင်း၊ ထို့အပြင် တိုင်းစစ်ဌာနချုပ်များအလိုက် အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေး အသိပညာပေး(ဆင့်ပွား)သင်တန်းကို ၂၀၀၈ခုနှစ်အတွင်း ၂၅ကြိမ်ဖွင့်လှစ်နိုင်ခဲ့ပြီး သင်တန်းသား အရာရှိ/စစ်သည် စုစုပေါင်း ၁၃၀၈ဦးကို သင်တန်းပို့ချပေးနိုင်ခဲ့ကြောင်း။

ဆက်လက်၍လည်း အောက်ခြေအဖွဲ့အစည်းများက တိတိကျကျ လိုက်နာဆောင်ရွက်ရေးကို ကြီးကြပ်ကွပ်ကဲမှုများဖြင့် နည်းလမ်းတကျ ဆောင်ရွက်ပေးသွားကြရန်နှင့် ကော်မတီဝင်များ အနေဖြင့် မိမိတို့၏ ဆောင်ရွက်ချက်များနှင့် ရှေ့ဆက်ဆောင်ရွက်မည့် အစီအမံများကို ဆွေးနွေးပေးကြရန်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ကော်မတီတွဲဖက် အတွင်းရေးမှူးက သတ္တမအကြိမ် ညှိနှိုင်းအစည်းအဝေးမှ ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး ကော်မတီအတွင်းရေးမှူးနှင့်ကော်မတီဝင်များက ကလေးသူငယ်များ၏ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရေးနှင့်ပတ်သက်၍ သက်ဆိုင်ရာကဏ္ဍအလိုက် ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းနှင့်အညီ ညွှန်ကြားစစ်ဆေးစီမံဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ကော်မတီဥက္ကဋ္ဌ၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး သူရမြင့်အောင်က ရှင်းလင်းတင်ပြချက်များအပေါ် ပြန်လည်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ ညှိနှိုင်းအစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၆-၂-၂၀၀၉ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ အဆိုပြိုင်ပွဲ
၇း၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၈း၀၀ ၆။ **"မျှော်သူမမောစေချင်" (စိုးသီဟ၊ဆုပန်ထွာ၊ နန်းကလျာလှိုင်) (ဒါရိုက်တာ-စောစန္ဒာလှိုင်)**
၈း၁၅ ၇။ အကပဒေသာ
၈း၃၀ ၈။ International News.
၈း၄၀ ၉။ အတီးပြိုင်ပွဲ
၈း၅၀ ၁၀။ တေးဂီတအစီအစဉ်
၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၀ ၂။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၄း၁၅ ၃။ ချစ်စရာ့အရွယ်ကကြိုးသွယ်
၄း၂၅ ၄။ "စက်နှင့်စက်ကိရိယာပစ္စည်း ထုတ်လုပ်မှုစက်ရုံမြိုင်"
၄း၃၅ ၅။ တေးဂီတအစီအစဉ်
၄း၄၅ ၆။ ၂၀၀၉ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဘာသာရပ်ဆိုင်ရာသင်ခန်းစာ (ဓာတုဗေဒဘာသာရပ်)
၅း၁၀ ၇။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၅း၂၀ ၈။ **"မေတ္တာရေအမြင့် တင့်လေသည့်ရွှေကြာ" [ထွန်းထွန်း(Examplez)၊ မြတ်ကေသီအောင်၊ စိုးပြည့်သဇင်] [ဒါရိုက်တာ- အောင်မိုး(ပဲရစ်)]**
၅း၃၀ ၉။ ဂီတသံစဉ်အလှဆင်
၅း၄၅ ၁၀။ ကြယ်ပွင့်များရဲ့ရင်ခုန်သံ
၆း၀၀ ၁၁။ ညနေခင်းသတင်း
၆း၃၀ ၁၂။ မိုးလေဝသအခြေအနေ
၆း၃၅ ၁၃။ **ပျော်ရွှင်စေသောနေ့ရက်များ "လက်ဖဝါးမှာစာရေးပါ" (ဇော်ဇော်အောင်၊ စိုးရန်အောင်၊ရဲမွန်၊ သဒ္ဒါထက်၊တက္ကသိုလ်ဂွမ်းပုံ) (ဒါရိုက်တာ- အောင်ကျော်သူရ) (အပိုင်း-၂)(ဇာတ်သိမ်းပိုင်း)**
၆း၅၀ ၁၄။ ထူးဆန်းထွေလာများကို သိပ္ပံဖြင့်ချဉ်းကပ်ခြင်း
၇း၁၀ ၁၅။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ကုန်သွယ်မုန်တိုင်း" (အပိုင်း-၅၅)**
၈း၀၀ ၁၆။ ပြည်တွင်းသတင်း
၁၇။ နိုင်ငံတကာသတင်းများ
၁၈။ မိုးလေဝသအခြေအနေ
၁၉။ **နိုင်ငံခြားဇာတ်လမ်းတွဲ "မေတ္တာလမ်းဆုံ"(အပိုင်း-၃)**
၂၀။ **နိုင်ငံခြားဇာတ်လမ်းတွဲ "မြူခိုးဝေဝေ ချစ်သက်တည်" (အပိုင်း-၂)**
၂၁။ အစီအစဉ်ပြီး၏။

မြို့နယ်ကျန်းမာရေးကော်မတီလုပ်ငန်းညှိနှိုင်း

ရန်ကုန် ဖေဖော်ဝါရီ ၂၅

ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ် မြို့နယ်ကျန်းမာရေးကော်မတီ လုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၂၀ရက် မွန်းလွဲ ၁နာရီတွင် အထက(၁)ရွှေပြည်ရတနာခန်းမ၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် မြို့နယ်ကျန်းမာရေးကော်မတီဥက္ကဋ္ဌ ဦးညီညီအောင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး၊ မြို့နယ် စည်ပင်သာယာအုပ်ချုပ်ရေးမှူးတို့က သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးနှင့်ပတ်သက်၍ ဆွေးနွေးတင်ပြကြပြီး မြို့နယ်ဥက္ကဋ္ဌက နိဂုံးချုပ် အမှာစကားပြောကြားကာ အစည်းအဝေးကို ညနေ ၄နာရီတွင် ရုပ်သိမ်းသည်။ **(ယာပုံ)** (ကြေးမုံ)

တပ်မတော်(ကြည်း၊ရေ၊လေ)စစ်တီးဝိုင်းပြိုင်ပွဲကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၂၅

၂၀၀၉ ခုနှစ် (၆၄)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် (၁၇)ကြိမ်မြောက် တပ်မတော်(ကြည်း၊ရေ၊လေ)စစ်တီးဝိုင်းပြိုင်ပွဲကို ယနေ့နံနက် ၆နာရီတွင် နေပြည်တော်ရှိ အမှတ်(၇)တည်းခိုရေးစခန်း(ရွာတော်)၌ကျင်းပရာ စစ်တီးဝိုင်း ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ ဥက္ကဋ္ဌ၊ တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်လှရွှေ၊ တပ်မတော်နေ့ကျင်းပရေးစစ်ရေးပြလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်ချုပ်ဇော်ဝင်း၊ တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် ပါဝင်စစ်ရေး ပြမည့် ဗိုလ်မှူးချုပ်ထွန်းနေလင်း၊ စစ်တီးဝိုင်း ပြိုင်ပွဲကျင်းပရေးကော်မတီဝင်များ၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ စစ်တီးဝိုင်းပြိုင်ပွဲ အမှတ်ပေး အကဲဖြတ်အဖွဲ့ဝင်များ၊ တပ်မတော်(ကြည်း၊ရေ၊လေ)မှ အရာရှိ/စစ်သည်များ တက်ရောက်ကြသည်။

ပြိုင်ပွဲတွင် အမှတ်(၁၁)ခြေမြန်တပ်မဌာနချုပ်ကိုယ်စားပြု စစ်တီးဝိုင်း၊ အမှတ်(၃၃) ခြေမြန်တပ်မဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်း၊ အမှတ်(၁၀၁)ခြေမြန်တပ်မဌာနချုပ်ကိုယ်စားပြု စစ်တီးဝိုင်း၊ မြောက်ပိုင်းတိုင်း စစ်ဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်းတပ်ခွဲ(၁)၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်းတပ်ခွဲ(၁)၊ အမှတ်(၉၉) ခြေမြန်တပ်မဌာနချုပ်ကိုယ်စားပြု စစ်တီးဝိုင်းနှင့် ကမ်းရိုးတန်းဒေသတိုင်း စစ်ဌာနချုပ်ကိုယ်စားပြု စစ်တီးဝိုင်းတပ်ခွဲ(၃)တို့ပါဝင် ယှဉ်ပြိုင်ကြသည်။

ထိုသို့ယှဉ်ပြိုင်ရာတွင် အမှတ်(၁၁)ခြေမြန်တပ်မဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်းအသင်းက မြန်မာတို့ရဲ့ တပ်မတော်နှင့် တူယှဉ်ကာတိုက်စို့ စစ်ချီသီချင်းများဖြင့်လည်းကောင်း၊ အမှတ်(၃၃)ခြေမြန်တပ်မဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်းအသင်းက တူယှဉ်ကာတိုက်စို့၊ ကျန်ရှိသေးသော တာဝန်တစ်ရပ်နှင့် မျိုးချစ်ဇာနည် စစ်ချီသီချင်းများဖြင့်လည်းကောင်း၊ အမှတ်(၁၀၁) ခြေမြန်တပ်မဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်းက ဘာမထီ အာဇာနည်၊ ရဲသွေး ရဲမာန်နှင့် ပြည်သူ့သားကောင်း စစ်ချီသီချင်းများဖြင့်လည်းကောင်း၊ မြောက်ပိုင်းတိုင်း စစ်ဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်း တပ်ခွဲ(၁)က တပ်မတော်၊ ပြည်သူ့သားကောင်းနှင့် မျိုးမြန်မာပြည်ရွာ စစ်ချီသီချင်းများဖြင့်လည်းကောင်း၊ ကမ်းရိုးတန်းဒေသတိုင်း စစ်ဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်းတပ်ခွဲ(၁)က အောင်လံလွှင့်မယ့် ဒို့တပ်မတော်၊ စံပြဒို့တပ်မတော်နှင့် ပြည်သူ့သားကောင်းစစ်ချီသီချင်းများဖြင့်လည်းကောင်း၊ အမှတ်(၉၉)ခြေမြန်တပ်မဌာနချုပ်ကိုယ်စားပြု စစ်တီးဝိုင်းက မြင့်မြတ်တဲ့တပ်မတော်၊ စွန့်ဝံ့သူသာ အောင်ကြောင်းဖြာ၊ ဒို့ဗမာ့တပ်မတော်၊ ကျန်ရှိသေးသော တာဝန်တစ်ရပ် စစ်ချီသီချင်းများဖြင့်လည်းကောင်း၊ ကမ်းရိုးတန်းဒေသတိုင်း စစ်ဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်းတပ်ခွဲ(၃)က ဘာမထီ အာဇာနည်နှင့် ပြည်သူ့သားကောင်း ဒို့စစ်သည် စစ်ချီသီချင်းများဖြင့်လည်းကောင်း အသီးသီး ပါဝင်ယှဉ်ပြိုင်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



ပြည်ထောင်စုကြီးအတွင်း တိုင်းရင်းသားများ မိသားစုများသဖွယ် ပေါင်းစည်းယှက်နွှယ် နားလည်ယုံကြည်မှု၊ စည်းလုံးညီညွတ်မှုအစဉ်အလာ ချစ်ကြည်ရင်းနှီးမှုများပေါ်တွင် အခြေခံ၍ စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြင့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေး ပူးပေါင်းဆောင်ရွက်

ပြန်ကြားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ရခိုင်ပြည်နယ် သံတွဲခရိုင်အတွင်းရှိ ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် အဆောက်အအုံများ ဆောက်လုပ်ရန်နှင့် စာကြည့်တိုက် ငွေပဒေသာပင်အတွက် အလှူငွေများ၊ နေ့စဉ်ထုတ် သတင်းစာများ၊ စာအုပ်စာစောင်များ၊ ရုပ်မြင်သံကြားဖမ်းစက်များ ပေးအပ်လှူဒါန်းပွဲတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

နေပြည်တော် ဖေဖော်ဝါရီ ၂၅

ရခိုင်ပြည်နယ် သံတွဲခရိုင်အတွင်းရှိ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်အဆောက်အအုံများ ဆောက်လုပ်ရန်နှင့် စာကြည့်တိုက်ငွေပဒေသာပင်အတွက် အလှူငွေများ၊ နေ့စဉ်ထုတ်သတင်းစာများ၊ စာအုပ်စာစောင်များ၊ ရုပ်မြင်သံကြား ဖမ်းစက်များ ပေးအပ်လှူဒါန်းပွဲကို ဖေဖော်ဝါရီ ၂၂ ရက် နံနက် ၉ နာရီခွဲတွင် သံတွဲမြို့ ဒွါရာဝတီခန်းမ၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများ၊ မြို့ပေါ်ရပ်ကွက် ခုနစ်ခုတို့မှ ပြည်သူများ၊ အံတော်၊ ပတဲကော၊ တလင်းဆိပ်၊ ရွှေလှော်၊ လင်းမူးတောင်စသည့် ကျေးရွာများမှ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်းက အမှာစကားပြောကြား သည်။

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်းက ပြည်ထောင်စုကြံ့ခိုင်ရေး နှင့် ဖွံ့ဖြိုးရေးအသင်းမှ လှူဒါန်းသော သံတွဲခရိုင်အတွင်းရှိ မြို့နယ်သုံးမြို့နယ်မှ စာကြည့်တိုက်တစ်ခုလျှင် တန်ဖိုးငွေကျပ် သိန်း ၃၀ နှုန်းဖြင့် ငွေကျပ်သိန်း ၉၀၊ စံပြကျေးရွာစာကြည့်တိုက်သုံးခုအတွက် စာအုပ်စာစောင် ၁၅၀၀ နှင့် သံတွဲခရိုင် အတွင်းရှိ ကျေးရွာပေါင်း ၁၀၀ သို့ နေ့စဉ်ထုတ်သတင်းစာများ လှူဒါန်းရန် အတွက် ငွေကျပ် ၅၄၀၀၀၀ တို့ကို တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်း သည်။

ဆက်လက်၍ သံတွဲခရိုင် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကျော်ဆန်းက ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီမှ လှူဒါန်းသည့် သံတွဲခရိုင် အတွင်းရှိ ကျေးရွာ စံပြစာကြည့်တိုက် သုံးခုအတွက် ပရိဘောဂပစ္စည်းများ ဝယ်ယူရန် စာကြည့်တိုက်တစ်ခုလျှင် ငွေကျပ်ငါးသိန်းနှုန်းဖြင့် ငွေကျပ် ၁၅ သိန်းနှင့် သံတွဲခရိုင်အတွင်းရှိ ကျေးရွာ ပေါင်း ၄၈ ရွာသို့ နေ့စဉ်ထုတ် သတင်းစာများ လှူဒါန်းရန်အတွက် ငွေကျပ် ၂၅၉၂၀၀ တို့ကိုလည်းကောင်း၊ Forever Group ကုမ္ပဏီလီမိတက်မှ ဦးဝင်းမော်က သံတွဲခရိုင် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အတွက် ငွေကျပ် ၇၂၀၀၀ တန်ဖိုးရှိ MRTV-4 ရုပ်သံဖမ်းစက်တစ်လုံးနှင့် သံတွဲခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေး ဦးစီးဌာနရုံးအတွက် ငွေကျပ် ၇၂၀၀၀ တန်ဖိုးရှိ MRTV-4 ရုပ်သံဖမ်းစက် တစ်လုံးတို့ကို လည်း ကောင်း၊ သံတွဲခရိုင်အတွင်းရှိ စေတနာ ရှင်၊ အလှူရှင်များက ကျေးရွာစာကြည့် တိုက်များအတွက် လှူဒါန်းငွေကျပ် သိန်း ၄၀ ကို စေတနာရှင်၊ အလှူရှင်များ ကိုယ်စား ဦးတိုးတိုးက လည်းကောင်း၊ သံတွဲခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးမြင့်ရွှေက ငွေကျပ် ၄၅၀၀၀၀ တန်ဖိုး ရှိ ရုပ်မြင်သံကြားပြစက် သုံးလုံးကို လည်းကောင်း၊ သံတွဲခရိုင် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်း ရေးမှူး ဦးစိုးဝင်းက ငွေကျပ် ၁၆၃၅၀၀၀ တန်ဖိုးရှိ စာအုပ်စာစောင်များကို လည်းကောင်း ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံကြသည်။

ယင်းနေ့ ငွေပဒေသာပင်အတွက် လှူဒါန်းငွေနှင့် ပစ္စည်းတန်ဖိုး စုစုပေါင်း မှာ ငွေကျပ် ၁၆၉၇၈၂၀၀ ဖြစ်သည်။

အခမ်းအနားအပြီးတွင် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် တွေ့ဆုံပွဲ သို့ တက်ရောက်လာကြသော ဒေသခံ ပြည်သူများအား ရင်းရင်းနှီးနှီး နှုတ် ဆက်ပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာနက ပြသထားသော မှတ်တမ်းဓာတ်ပုံများ၊ MRTV-4 ရုပ်သံ ဖမ်းစက်နှင့် ဆက်စပ်ပစ္စည်းများ ရောင်းချနေမှုတို့ကို ကြည့်ရှုစစ်ဆေး သည်။

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း သံတွဲမြို့နယ် နန်းချောင်းကျေးရွာ၌ စာကြည့်တိုက် ပန္နက်စိုက်ထူစဉ်။ (သတင်းစဉ်)

ဆက်လက်၍ ဝန်ကြီးသည် သံတွဲ မြို့နယ် နန်းချောင်းကျေးရွာ၌ ကျင်းပ သည့် စာကြည့်တိုက် ပန္နက်စိုက်ထူပွဲသို့ တက်ရောက်ပြီး ပြန်ကြားရေးဝန်ကြီး ဌာနမှ တာဝန်ရှိသူများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှု ရေး အသင်းအဖွဲ့ဝင်များနှင့် ဒေသခံ ပြည်သူများလည်း တက်ရောက်ကြသည်။

ရှေးဦးစွာ ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်း၊ ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးရဲထွန်း၊ သံတွဲခရိုင်ဥက္ကဋ္ဌ ဦးကျော်ဆန်း နှင့် မြို့နယ်ဥက္ကဋ္ဌ ဦးမြတ်ကျော်တို့သည် မင်္ဂလာအချိန်တွင် သတ်မှတ်နေရာ အသီးသီး၌ ပန္နက်များ စိုက်ထူ၍ အမွှေး နံ့သာများဖြင့် ပက်ဖျန်းပေးကြသည်။

ယင်းနောက် ဝန်ကြီးသည် ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင် ရန်အတွက် ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ နန်းချောင်း၊ နန်းချောင်းအထက်၊ သုံးပင်ဆိုင်၊မြပြင်၊ ဂျိတ္တော၊ လင်းသာ၊ ဝါးတောင်ကွင်း၊ ဇီးဖြူကုန်း၊ ငပလီ၊ မဇင်၊ စပါးကြီးနှင့် ဂေါ့ကျေးရွာ ၁၂ရွာတို့မှ ဒေသခံပြည်သူ ၁၃၀၀ ကျော်တို့ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒေသခံတာဝန်ရှိသူများက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက် နေမှုအခြေအနေများကို ရှင်းလင်းတင်ပြ ကြရာ ဝန်ကြီးက ဒေသဆိုင်ရာတာဝန်ရှိ သူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင် ရွက်ပေးပြီး အမှာစကားပြောကြား သည်။

ထို့နောက် ဝန်ကြီးသည် ပြည် ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းမှ လှူဒါန်းသော နန်းချောင်း ကျေးရွာစာကြည့်တိုက် ဆောက်လုပ် ရန်အတွက် ငွေကျပ်သိန်း ၃၀ ကို ပေးအပ်လှူဒါန်းသည်။

ထို့အပြင် ဝန်ကြီးသည် ကျေးလက် ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်ရန်အတွက် နန်းချောင်းကျေးရွာသို့ ငွေကျပ်သုံးသိန်း၊ မြပြင်ကျေးရွာနှင့် ဇီးဖြူကုန်းကျေးရွာ တို့သို့ ငွေကျပ်လေးသိန်းစီ စုစုပေါင်း ငွေကျပ် ၁၁ သိန်းနှင့် ကျေးရွာစာကြည့် တိုက်များအတွက် စာအုပ်စာစောင်များ၊ ဒေသခံပြည်သူများအတွက် အဝတ် အထည်များကို တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ခရိုင်ဥက္ကဋ္ဌ ဦးကျော် ဆန်းက ရခိုင်ပြည်နယ် အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ လှူဒါန်း သော နန်းချောင်းကျေးရွာ စာကြည့် တိုက် ပရိဘောဂပစ္စည်းများ ဝယ်ယူရန် လှူဒါန်းငွေကျပ်ငါးသိန်းကို တာဝန်ရှိသူ ထံ ပေးအပ်လှူဒါန်းသည်။

တွေ့ဆုံပွဲအပြီးတွင် ဝန်ကြီးသည် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသော ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

တွေ့ဆုံပွဲများ၌ ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်းက အမှာစကားပြောကြား ရာတွင် "နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုးတိုးတက် အောင် ဆောင်ရွက်ရာ၌ နိုင်ငံတစ်ဝန်း နယ်စပ်ဒေသပါမကျန် မျှတစွာ ဖွံ့ဖြိုး တိုးတက်အောင် ဆောင်ရွက်ပေးလျက် ရှိကြောင်း၊ အလားတူ ရခိုင်ပြည်နယ် သည်လည်း အပါအဝင်ဖြစ်ကြောင်း။

လမ်းပန်းဆက်သွယ်မှု ခက်ခဲပြီး တောတောင်မြစ်ချောင်းများ ထူထပ် ပေါများသည့် ရခိုင်ပြည်နယ်အတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများကို အရှိန်အဟုန် ဖြင့် တိုးမြှင့်ဆောင်ရွက်ပေးရန်ဟူသည့် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက် နှင့်အညီ ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက် အောင် ကဏ္ဍအသီးသီးတွင် တိုးချဲ့ အကောင်အထည်ဖော်လျက်ရှိရာ ပြန် ကြားရေး ဝန်ကြီးဌာနအနေဖြင့်လည်း လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက် ရေး၊ ဒေသခံပြည်သူများ အသိပညာ၊ ဗဟုသုတ ပိုမိုတိုးတက်မြင့်မားလာစေ ရေးတို့အတွက် မီဒီယာကဏ္ဍကို တိုးချဲ့ အကောင်အထည်ဖော် ဆောင်ရွက်ပေး လျက်ရှိကြောင်း။

ရခိုင်ပြည်နယ်အတွင်းရှိ ကျေးရွာ တိုင်းသို့ နေ့စဉ်ထုတ် သတင်းစာများ ရောက်ရှိဖတ်ရှုနိုင်ရေး၊ ထူထောင်ပြီး ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့် တိုက်များ ရှင်သန်တည်တံ့ရေး၊ ရေဒီယို ထုတ်လွှင့်မှုအား FM စနစ်သို့ တိုးချဲ့ တည်ဆောက် ထုတ်လွှင့်နိုင်ရေးတို့ကို အရှိန်အဟုန်မြှင့် ဆောင်ရွက်ခြင်း၊ ရုပ်မြင်သံကြားထုတ်လွှင့်မှုတွင် ထပ်ဆင့် လွှင့်စက်ရုံ အသစ်တည်ဆောက်ခြင်း၊ မူလထပ်ဆင့်လွှင့်စက်ရုံများတွင် လွှင့် အားမြှင့်စက်အသစ်များ တပ်ဆင်ထုတ် လွှင့်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည့် အပြင် ဒေသခံပြည်သူများ သုတရသ စုံလင်စွာ ရွေးချယ်ကြည့်ရှုနိုင်မည့် MRTV-4 နှင့် ဆက်စပ်ရုပ်သံလိုင်းများ ထုတ်လွှင့်မှုကို သံတွဲမြို့နှင့်အမ်းမြို့တို့၌ ယနေ့ စတင်ဖွင့်လှစ် ထုတ်လွှင့်နေပြီ ဖြစ်ကြောင်း။

နိုင်ငံတော်၏ ကဏ္ဍအသီးသီးတွင် ဖွံ့ဖြိုးတိုးတက်မှုများစွာကို တွေ့မြင်နေ ရပြီး ယခုအခါ နိုင်ငံတော်သည် ဖွံ့ဖြိုး တိုးတက်မှု အခြေခံကောင်းများပေါ်တွင် ရောက်ရှိနေပြီဖြစ်ကြောင်း။

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုး တိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် ပေါ်ပေါက် လာရေး အကောင်အထည်ဖော်ဆောင် ရာတွင်လည်း ချမှတ်ထားသည့် မူဝါဒ လမ်းစဉ်(၇)ရပ်နှင့်အညီ တစ်ဆင့်ချင်း စနစ်တကျ တိုးတက်အောင်မြင်လျက် ရှိသည်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း။

သို့ဖြစ်ရာ ပြည်သူများအနေဖြင့် အဆို ပါ ဖွံ့ဖြိုးတိုးတက်အောင်မြင်မှုများကို ဆက်လက် ထိန်းသိမ်းမြှင့်တင်သွားကြ ရန်နှင့် နိုင်ငံတော်ကို ထိပါးနှောင့်ယှက် နေသည့် ပြည်တွင်း၊ ပြည်ပ အဖျက် အမှောင့်အန္တရာယ်များကိုလည်း သတိ ရှိရှိဖြင့် ဝိုင်းဝန်းကာကွယ်သွားကြရန် မှာကြားလိုကြောင်း။

ပြည်ထောင်စုကြီးအတွင်း တိုင်းရင်း သားများ၏ မိသားစုများသဖွယ် ပေါင်းစည်းယှက်နွှယ်မှု၊ သံယောဇဉ်ရှိမှု၊ နားလည်ယုံကြည်မှုနှင့် စည်းလုံး ညီညွတ်မှု စသည့် အစဉ်အလာ ချစ်ကြည်ရင်းနှီးမှုများပေါ်တွင် အခြေခံ ၍ စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြင့် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒ လမ်းစဉ်(၇)ရပ် အောင်မြင်ရေး၊ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စဉ်များတွင် ကျရာအခန်းကဏ္ဍမှ ပူးပေါင်းပါဝင် ဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း"ဖြင့် ပြော ကြားခဲ့သည်။

(သတင်းစဉ်)

ဟန်ထူးအောင် ပြည်ပ အလုပ်အကိုင်ရှာဖွေရေး အေဂျင်စီမှ မန်နေဂျင်းဒါရိုက်တာ ဦးသန်းထွန်းအောင် ရဲမွန်တပ်နယ် အခြေခံပညာ အထက်တန်းကျောင်းခွဲ၏ ၂၀၀၇-၂၀၀၈ ခုနှစ် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားတွင် သူငယ်တန်းမှ ပဉ္စမတန်းအထိ ခြောက်နှစ်ဆက်တိုက် ပထမဆုရ မနှင်းဝင့်မိုးဖြူအား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။

(သတင်းစဉ်)

သိမ်ဇရပ်အထက အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၅

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် သိမ်ဇရပ် အထက ကျောင်းသား၊ ကျောင်းသူ ဟောင်းများ၏ သတ္တမအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို မတ် ၂၁ ရက် ညနေတွင် သိမ်ဇရပ်အထက၌ ကျင်းပမည်ဖြစ်ရာ အဆိုပါကျောင်း၌ လုပ်သက် သုံးနှစ်နှင့်အထက် ပညာသင်ကြားပေးခဲ့ပြီး အသက်(၆၀)ပြည့်ပြီးသော အပူဇော်ခံ ဆရာကြီး၊ ဆရာမကြီးများသည် ဖိတ်စာမရရှိပါကလည်း အပူဇော်ခံ ကြွရောက်ပါ ရန်နှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများ အလှူငွေနှင့်ပစ္စည်းများ ပါဝင် လှူဒါန်းလိုပါက ရန်ကုန်မြို့တွင် ဒေါက်တာဝင်းနောင် ဖုန်း-၀၉-၅၁၅၈၄၄၃၊ ဒေါက်တာအောင်ထက် ဖုန်း-၀၉-၅၀၅၉၂၈၅၊ ဦးမျိုးကြွယ် ဖုန်း-၀၁-၂၄၆၉၁၀၊ မော်လမြိုင်မြို့၌ ဒေါ်မြင့်မြင့်သန်း ဖုန်း-၀၃၂-၂၁၂၂၉၊ သိမ်ဇရပ်မြို့၌ ကျောင်းအုပ်ကြီး အထကသိမ်ဇရပ် ဖုန်း-၁၃၇ ၊ ဦးစွေ့ထင် ဖုန်း-၀၉-၈၇၂၃၅၅၀၊ ဦးသန်းဦး ဖုန်း-၀၉-၈၆၅၀၅၃၂၊ ဦးမင်းအောင် ဖုန်း-၀၉-၈၇၂၃၄၅၉၊ ဦးထင်ပေါ် ဖုန်း-၀၉-၈၇၂၃၂၆၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

ကိုရီးယားထုတ်ကုန်ပြပွဲသို့ တက်ရောက်ရန် ထိုင်းနိုင်ငံသို့ ထွက်ခွာ

ရန်ကုန် ဖေဖော်ဝါရီ ၂၅

ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ဖေဖော်ဝါရီ ၂၅ ရက်မှ ၂၈ ရက်အထိ ကျင်းပမည့် Korean Products Show 2009 in Bangkok ပြပွဲသို့ တက်ရောက်ရန် မြန်မာ အမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဒေါ်နုနုရီ ဦးဆောင် သည့် အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထိုင်းနိုင်ငံသို့ ထွက်ခွာသွားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နေပြည်တော်မြန်မာ့အသံ

(သောကြာနေ့- နံနက်+နေ့လယ်+ည) (၂၇-၂-၂၀၀၉)

၇း၀၀	အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်းကြေညာချက်		ညနေခင်းတေးပဒေသာ
၇း၁၅	တရားတော်(အင်္ဂုလိမာလ သုတ်+ဗောဇ္ဈင်္ဂသုတ်) ဓမ္မပူဇာတေးပဒေသာ	၄း၂၀	ဆောင်းပါး (သိတတ်လိမ္မာ စာနှင့်ပညာ)
၇း၃၀	(၃၈)ဖြာမင်္ဂလာ	၄း၃၀	၂၀၀၉ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု သင်ခန်းစာ (သင်္ချာ)
၇း၃၅	နံနက်ခင်းတေးပဒေသာ	၅း၀၀	စစ်သည်အတွက် တေးလက်ဆောင်
၈း၀၀	စံတော်ချိန်+သတင်း	၅း၂၅	တေးပဒေသာ
၈း၁၀	နံနက်ခင်းတေးပဒေသာ	၅း၃၀	သတင်းစာဆောင်းပါး
၈း၃၀	ပြောပါရစေရှင် (ယခု)	၆း၀၀	ညနေခင်းသတင်း
၈း၄၀	တေးပဒေသာ	၆း၁၀	တေးချစ်သူရွှေးသီ တေးပန်းချီ နိုင်ငံရေးဦးတည်ချက်
၉း၀၀	အစီအစဉ်ပြီး၏။	၆း၄၅	တေးပဒေသာ
၁၀း၀၀	သောတရှင်လိုရာတေး	၇း၀၀	နိုင်ငံတကာသတင်း
၁၀း၃၀	သတင်းစာအာဘော်	၇း၁၀	ညချမ်းချိန်ခါတေးပဒေသာ
၁၀း၄၀	တူယှဉ်သီကြွေးစုံတွဲတေး	၇း၂၅	ဇာတ်လမ်းပမာနားဆင်စရာ (တစ်နှစ်စာအလွဲများမှသည်) တေးပဒေသာ
၁၁း၀၀	နေ့လယ်ခင်းသတင်း	၈း၀၀	ပြည်တွင်းသတင်း
၁၁း၁၀	နေ့လယ်ခင်းတေးပဒေသာ	၈း၁၀	အနုအလှအစုံစုံသူ့ဘဝအဖုံဖုံ (မျိုးသန္တာထွန်း) စီးပွားရေးဦးတည်ချက် တေးပဒေသာ
၁၁း၃၀	လေလှိုင်းကြားက ပွဲတင်သံ	၉း၀၀	ဆောင်းပါး (ပန်းတွေလား ပေါင်းတွေလား) ခံစားနားဆင် မြန်မာတေးသံစဉ် လူမှုရေးဦးတည်ချက် ညချမ်းချိန်ခါတေးပဒေသာ
၁၁း၄၅	နေ့လယ်ခင်းတေးပဒေသာ	၁၀း၀၀	အစီအစဉ်ပြီး၏။
၁၂း၀၀	စံတော်ချိန် နိုင်ငံ့စီးပွား (စီးပွားဖြစ် ဝက်မွေးကြမလား) နေ့လယ်ခင်းတေးပဒေသာ		
၁၂း၃၀	သိမှတ်စရာ မြန်မာစကား မြန်မာစာ(စာပေထဲက ချစ်စကား မုန်းစကား)		
၁၂း၄၀	နေ့လယ်ခင်းတေးပဒေသာ		
၁း၀၀	နေ့လယ်ခင်းသတင်း		
၁း၁၀	နေ့လယ်ခင်းတေးပဒေသာ		
၁း၃၀	အစီအစဉ်ပြီး၏။		
၄း၀၀	အဖွင့်တီးလုံး+ ကြေညာချက်		

✻ **ကျောဖုံးမှ**

တိုင်းရင်းဆေးတက္ကသိုလ် မန္တလေးကို ၂၀၀၂ ခုနှစ်တွင်တည်ဆောက်ခဲ့ပြီး ၂၀၀၄ ခုနှစ်တွင် ဖွင့်လှစ်ပေးခဲ့သည်။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အစိုးရလက်ထက်တွင်ဖွင့်လှစ်ပေးခဲ့သော မြန်မာနိုင်ငံ၏တစ်ခုတည်းသောတက္ကသိုလ်ကြီး ဖြစ်သည်။ အကျယ်အဝန်းအားဖြင့် ငါးဧကကျော် ကျယ်ဝန်းပြီး ပင်မဆောင်တစ်ဆောင်၊ လေးထပ်ဆောင်တစ်ဆောင်၊ သုံးထပ်ဆောင် တစ်ဆောင်၊ နှစ်ထပ်ဆောင်တစ်ဆောင်နှင့်ဘွဲ့နှင်းသဘင်ခန်းမတို့ပါဝင်သည်။ သင်ကြားရေးဌာနများ အနေဖြင့်တိုင်းရင်းဆေးပညာဘာသာရပ်ဌာနခြောက်ခု၊အထောက်အကူ ဘာသာရပ်ဌာန ၁၀ ခုအပြင် စီမံ၊ ဘဏ္ဍာရေးဌာန၊ ကျောင်းသားရေးရာဌာန၊ သုတေသနဌာန၊ ပြတိုက်၊ စာကြည့်တိုက်၊ ကွန်ပျူတာဌာနနှင့် ပရဆေးဥယျာဉ်တို့ ပါဝင်သည်။

ကြေးမုံသတင်းအဖွဲ့သည် အဆိုပါတက္ကသိုလ်ကြီး၏ သင်ကြားရေးပိုင်းနှင့် ကျောင်းသား၊ ကျောင်းသူများ၏ သင်ယူလေ့လာမှု အပိုင်းများကို သိရှိလို၍ ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာအောင်မြင့်အား သွားရောက်တွေ့ဆုံခဲ့ရာ "မြန်မာ့တိုင်းရင်းဆေးပညာဟာ မြန်မာ့သမိုင်းစဉ်တစ်လျှောက် မြန်မာ့ရေမြေ၊ တောတောင်သဘာဝ၊ ရာသီဥတု၊ မြန်မာ့ယဉ်ကျေးမှု ဓလေ့စရိုက် အစဉ်အလာများနှင့် အပြန်အလှန် တိုးတက်ဖြစ်ထွန်းအခြေခိုင်မာ တည်တံ့လာခဲ့တဲ့ အမျိုးသားအမွေအနှစ် ဆေးပညာတစ်ရပ် ဖြစ်ပါတယ်။ ဒီလိုတိုင်းရင်းဆေးပညာတွေ တိမ်ကော ပပျောက်မသွားစေရန် မူလသဘာဝ အနှစ်သာရနှင့် ပညာခန်းအဆီအနှစ်ကိုမပျောက်ပျက်စေဘဲ ခေတ်မီနည်းပညာများဖြင့် သိပ္ပံနည်းကျ စံချိန်စံညွှန်းပြည့်ဝကောင်းမွန်တဲ့ တိုင်းရင်းဆေးပညာများ သုတေသနပြု ဖြန့်ဝေပေးနိုင်စေရန် နိုင်ငံတော် အကြီးအကဲရဲ့ လမ်းညွှန်မှုကြောင့် ခုလိုတက္ကသိုလ်ကြီး ဖြစ်တည်လာခဲ့ပါတယ်။

သင်ကြားရေးပိုင်းအနေနဲ့ ပြောရရင် ပထမနှစ်နဲ့ ဒုတိယနှစ်မှာ မြန်မာ့တိုင်းရင်းဆေးပညာရဲ့ အခြေခံဖြစ်တဲ့ နယကြီးလေးပါး ဘာသာရပ်အပြင် အနောက်တိုင်း ဆေးပညာဘာသာရပ်ဖြစ်တဲ့ ခန္ဓာဗေဒ၊ ဇီဝကမ္မဗေဒ၊ အဏုဇီဝဗေဒ၊ ဆေးဝါးဗေဒ စသည်ဖြင့် အနောက်တိုင်းဆေးပညာရပ်တွေကိုလည်း အခြေခံအထောက်အကူပြုအဖြစ် သင်ကြားပေးပါတယ်။

ဒုတိယနှစ်နဲ့ တတိယနှစ်တွေမှာတော့ တိုင်းရင်းဆေးပညာကို စာတွေ့၊ လက်တွေ့ အဓိကထား သင်ကြားပေးတယ်။ ပဉ္စမနှစ်ကတော့ အလုပ်သင်အဖြစ်နဲ့ လက်တွေ့ ကွင်းဆင်းကုသမှုတွေ လုပ်ဆောင်ရပါတယ်။ စုစုပေါင်းသင်တန်းနှစ် ငါးနှစ်သင်ကြားပေးပါတယ်။

တိုင်းရင်းဆေး တက္ကသိုလ်ကြီးဟာ မြန်မာနိုင်ငံအနေနဲ့ တစ်ခုတည်းရှိပြီးတော့ တိုင်းရင်းသားပေါင်းစုံ တက်ရောက်ပညာသင်ကြားနေတဲ့အတွက် တိုင်းရင်းသားတွေ ချစ်ကြည်ရင်းနှီးမှုကိုလည်း ရစေပါတယ်။ ဒီတက္ကသိုလ်ကြီးကို နိုင်ငံတော်နဲ့ နိုင်ငံတကာ အဆင့်မှာပါ တိုင်းရင်းဆေးရှေ့ဆောင်တဲ့ ပညာရေးဌာနကြီးဖြစ်အောင်၊ ၂၁ ရာစုရဲ့ စိန်ခေါ်မှုတွေကို ရင်ဆိုင်ကျော်လွှားနိုင်အောင် လူမှုတာဝန်ကျေပွန်သော သမားတော်ကောင်းများဖြစ်လာအောင်ထိ ရည်ရွယ် သင်ကြားပေးနေပါတယ်"ဟု ပြောကြားသည်။

တိုင်းရင်းဆေးတက္ကသိုလ်မှ စတုတ္ထနှစ်ကျောင်းသူ မမြတ်သက်မွန် ရှင်းပြစဉ်။

ကြေးမုံသတင်းအဖွဲ့သည် ကျောင်းသား၊ ကျောင်းသူများ၏ တိုင်းရင်းဆေးအပေါ် ယုံကြည်လက်ခံမှု၊ ဝါသနာထုံမှုတို့ကို လေ့လာလို၍ စတုတ္ထနှစ်သင်တန်းတွင် ပညာသင်ကြားနေသော ဧရာဝတီတိုင်း မြောင်းမြမြို့နယ်မှ တက္ကသိုလ်ကျောင်းသူ မမြတ်သက်မွန်အား တွေ့ဆုံခဲ့ရာ "သမီးတို့နယ်မှာတော့ တိုင်းရင်းဆေးကို ဗိန္ဒောဆေးလို့ပဲ သိတဲ့သူများတယ်။ သမီးရဲ့အဖေက ဝန်ထမ်းဖြစ်တော့ ဘယ်နည်းနဲ့မဆို ကိုယ့်မိသားစုတစ်စုကို မိမိ တတ်ကျွမ်းတဲ့ပညာနဲ့ ကျန်းမာရေးစောင့်ရှောက်ပေးနိုင်တာရယ်၊ ပြီးတော့ သမီးဦးလေးတစ်ယောက်ကလည်းအနောက်တိုင်းဆေးနဲ့ မပျောက်တဲ့ရောဂါကို တိုင်းရင်းဆေးနဲ့ပျောက်ကင်းသွားခဲ့လို့ တိုင်းရင်းဆေးကို ယုံကြည်တာရယ်တို့ကြောင့် ဒီတက္ကသိုလ်ကိုတက်ဖြစ်တာပါ။ ပထမနှစ်မှာတော့ အနောက်တိုင်းဆေးပညာတွေရော၊ တိုင်းရင်းဆေးပညာတွေပါ သင်ယူရတယ်။ ဒုတိယနှစ်ရောက်တော့ တိုင်းရင်းဆေးကို ဝါသနာပါလာတယ်။ ကိုယ့်ကိုယ်ကိုယ်လည်း ယုံကြည်မှုရှိလာတယ်။ ကျောင်းပြီးတာနဲ့ ကိုယ်တတ်ကျွမ်းတဲ့ဆေးပညာနဲ့ မဖွံ့ဖြိုးသေးတဲ့ ကျေးလက်ဒေသက ပြည်သူတွေကို ကျန်းမာရေးစောင့်ရှောက်မှုပေးမယ်။ လက်တွေ့နယ်ပယ်မှာ သုတေသနလုပ်ငန်းတွေလည်းလုပ်မယ်။ နိုင်ငံခြားအထိ ပညာတော်သင်သွားပြီး တိုင်းရင်းဆေးပညာကို ဆက်လက်လေ့လာချင်ပါတယ်"ဟု သူမ၏ မျှော်မှန်းချက်များကို ပြောပြသွားသည်။

ဆက်လက်၍ မန္တလေးအောင်မြေသာစံမြို့နယ်မှ စတုတ္ထနှစ်ကျောင်းသူ မနီလာရွှေကလည်း "သမီးတို့အမေက တိုင်းရင်းဆေးကို ယုံကြည်မှုရှိတော့ အမေရဲ့ တိုက်တွန်းမှုကြောင့် ဒီတက္ကသိုလ်ကြီးကို တက်ဖြစ်တာပါ။ အရင်ကတော့ တိုင်းရင်းဆေးဆိုတာ ဗမာဆေးလို့ပဲ သိထားတာ၊ သင်ရင်းသင်ရင်းနဲ့ တိုင်းရင်းဆေးရဲ့ သိမ်မွေ့နက်နဲမှု၊ အရေးပါမှုတွေကို သိလာရတယ်။ အနောက်တိုင်းဆေးပညာတွေနဲ့ ယှဉ်တွဲလေ့လာမှ တိုင်းရင်းဆေးဟာ အခြေခံကျန်းမာရေးအတွက် အဓိကကျတယ်ဆိုတာ သိလာရတယ်။ ကိုယ်တိုင်တတ်သိနားလည်တဲ့ ပညာရှင်ဖြစ်အောင်ကြိုးစားချင်တယ်။ မဖွံ့ဖြိုးသေးတဲ့ ဒေသတွေက တိုင်းရင်းသားပြည်သူတွေအတွက် ကိုယ်တတ်ကျွမ်းတဲ့ပညာနဲ့ ကျန်းမာရေးစောင့်ရှောက်မှု ပေးချင်တယ်။ ပညာရေး အခွင့်အလမ်းအနေနဲ့ ကျောင်းပြီးလို့ဘွဲ့ရတာနဲ့ လက်ထောက်တိုင်းရင်းဆေးမှူးအဖြစ်နဲ့ တာဝန်ကျရာဒေသကို သွားရောက်တာဝန်ထမ်းဆောင်မယ်။ လက်တွေ့နယ်ပယ်မှာ ဆက်လက်လေ့လာရင်း တိုင်းရင်းဆေးပညာ ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် ကြိုးစားသွားမယ်။ နိုင်ငံတော်က မျှော်မှန်းတဲ့ သမားတော်ကောင်းတစ်ယောက်ဖြစ်တဲ့ အထိ ကြိုးစားသွားချင်တယ်"ဟု ဝမ်းသာအားရပြောပြသွားသည်။

တိုင်းရင်းဆေးတက္ကသိုလ်မှ ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာအောင်မြင့် ရှင်းလင်းပြောကြားစဉ်။

ယနေ့ နိုင်ငံတော် အစိုးရသည် လူသားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာစေရန် ကဏ္ဍစုံ နယ်ပယ်စုံတွင် အားပေးမြှင့်တင်လျက်ရှိရာ တိုင်းရင်းဆေးတက္ကသိုလ်ကြီး၌ တက်ရောက်ပညာသင်ကြားနေသော ကျောင်းသား၊ ကျောင်းသူများသည်လည်း မိမိတို့တတ်ကျွမ်းသောဆေးပညာရပ်များဖြင့် မြန်မာ့တိုင်းရင်းဆေးပညာ ဆပွားတိုးတက် မြင့်မားပြီး နိုင်ငံတကာသို့တိုင် ထွန်းပေါက်ပြန့်ပွားအောင်၊ တိုင်းရင်းဆေးဖြင့် ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှုကဏ္ဍတွင် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်အောင် ကြိုးစားသွားကြလိမ့်မည်ဟု ယုံကြည်မျှော်လင့်မိပါသည်။ ။

တိုင်းရင်းဆေးတက္ကသိုလ်မှ စတုတ္ထနှစ်ကျောင်းသူ မနီလာရွှေ ရှင်းပြစဉ်။

IBTC Open Golf Championships ဂေါက်သီးရိုက်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၅

မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်နှင့် Myanmar P.G.Aတို့က ကြီးမှူး၍ International Beverages Trading Co.,Ltdကအဓိကကူညီပံ့ပိုးသော မြန်မာပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ(Myanmar Golf Tour 2008-2009)၏ ရန်ကုန်နောက်ဆုံးပွဲစဉ်အဖြစ် IBTC Open Golf Championshipsဂေါက်သီးရိုက်ပြိုင်ပွဲ ဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့နံနက် ၇ နာရီတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ်ရှိ ရန်ကုန် ဂေါက်ကလပ်(တညင်းကုန်း)၌ ကျင်းပသည်။

စတင်ကျင်းပ

အဆိုပါ ဖွင့်ပွဲအခမ်းအနားတွင် ဂေါက်သီးရိုက်အားကစားသမားများသည် သတ်မှတ်ထားသည့် အမှတ်(၁) တီခုံ၌ နေရာယူကြပြီး၊ မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်နှင့် မြန်မာပီဂျီအေ နာယက ဗိုလ်ချုပ်ဝင်းလှိုင်(ငြိမ်း)**(အောက်ပုံ)**မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့်ကာယပညာ ဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်၊ မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးမင်းသိန်းနှင့် International Beverages Trading Co., Ltd. အမှုဆောင် ဒါရိုက်တာ ဦးတင့်ဦးတို့က အလှည့်ကျ ဂေါက်သီးရိုက်၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးကြပြီး ပထမနေ့ (၁၈)ကျင်းပြိုင်ပွဲကို စတင်ကျင်းပသည်။

တတိယလိုက်

ပထမနေ့(၁၈)ကျင်းပြိုင်ပွဲအပြီးတွင် ကျော်သီဟ (KM Golf Center)က သတ်မှတ်ရိုက်ချက်ထက် နှစ်ချက်လျှော့၍ ရိုက်ပြီး ရိုက်ချက် ၇၀ ဖြင့် ဦးဆောင်ကစားလျက်ရှိသည်။ မင်းနိုင် (Srixon) နှင့် အောင်ဝင်း (Srixon) တို့ကလည်း သတ်မှတ်ရိုက်ချက်ထက် တစ်ချက်စီလျှော့ ရိုက်ကြပြီး ရိုက်ချက် ၇၁ ချက်စီဖြင့် ဒုတိယလိုက်နေကြကာ သိန်းဇော်မြင့် (KM Golf Center)၊ ဇော်ဇော်လတ်(Srixon) နှင့် နိုင်နိုင်လင်း (Point Golf Shop) တို့က ရိုက်ချက် ၇၄ ချက်စီဖြင့် တတိယလိုက်နေကြသည်။

ဦးဆောင်ကစား

အမျိုးသား အပျော်တမ်းပြိုင်ပွဲတွင် အောင်ဝင်း(သစ်တော)က ရိုက်ချက် ၇၀ ဖြင့် ဦးဆောင်ကစားလျက်ရှိသည်။ ရန်မျိုးအေးက ရိုက်ချက် ၇၃ ချက်ဖြင့် ဒုတိယလိုက်နေပြီး နေဗလဝင်းမြင့်က ရိုက်ချက် ၇၃ ချက်ဖြင့် တတိယလိုက်နေကြသည်။

အဆိုပါ ပြိုင်ပွဲကို မြန်မာဂေါက်သီးအကျော်အမော်များ ပေါ်ထွက်လာရေးအတွက် ရည်ရွယ်၍ Main Sponsor အဖြစ် International Beverages Trading Co.,Ltd က အဓိကကူညီပံ့ပိုးပြီး Co-Sponsors အဖြစ် KBZ Bank, Air Bagan Ltd., Hotel Yangon, Ruby Dragon Jade and Gems Co., Ltd., Srixon, MGW Construction Ltd., Myanmar Red Star International Co., Ltd., KM Golf Center, Accel International Co., Ltd. (Canon), Alpine Purified Drinking Water, MY Associates Co., Ltd., ကျားခေါင်း ဘိလပ်မြေစက်ရုံ၊ Life Line Co.,Ltd. (DHEA Plus) တို့က ထပ်မံပံ့ပိုး ကူညီကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

LUCKY BIRD Showroom (နေပြည်တော်)နှင့် TOSHIBA Notebook, Projector & Copier များ၏ Authorized Sales & Service Center (နေပြည်တော်)ဖွင့်ပွဲ ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၅

LUCKY BIRD Trading Co.,Ltd ၏ LUCKY BIRD Showroom (နေပြည်တော်)နှင့် TOSHIBA Notebook, Projector & Copier များ၏ Authorized Sales & Service Center (နေပြည်တော်)ဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့နံနက် ၈ နာရီတွင် နေပြည်တော် သပြေကုန်းဈေးအနီးရှိLUCKY BIRD Showroom ၌ ကျင်းပသည်။

(အောက်ယာပုံ)

ရှေးဦးစွာ TOSHIBA SINGAPORE PTE LTD, Electronic Imaging Department မှ Country Manager, Ms. Kathy Li က TOSHIBA Multifunction သုံး Copier များကို ရုံးသုံးလုပ်ငန်းများတွင် Notebook, Projector များဖြင့်တွဲဖက်သုံးစွဲပုံကို လက်တွေ့သရုပ်ပြ ရှင်းလင်းသည်။

နောက်ဆုံးပေါ် နည်းပညာဖြင့် Multifunction သုံး TOSHIBA Copier များသည် မိတ္တူကူးခြင်း၊ Printer ထုတ်ခြင်း၊ Scanner ကူးခြင်းများကို Copier တစ်ခုတည်းတွင်အသုံးပြုနိုင်ပြီး Network များဖြင့် ချိတ်ဆက်၍ ရုံးလုပ်ငန်းများတွင် သက်ဆိုင်ရာဌာနအလိုက် Password ဖြင့် မှတ်သားကာ လိုအပ်သော စာရွက်အရေအတွက်အတိုင်း Harddisk ထဲတွင် သိမ်းပြီး အသုံးပြုနိုင်ကြောင်းသိရှိရသည်။

TOSHIBA Multifunction သုံး Copier များကို မြန်မာပြည်၏ကိုယ်စားလှယ်ဖြစ်သော LUCKY BIRD Trading Co,Ltd နေပြည်တော်၊ ရန်ကုန်၊ မန္တလေးမြို့များရှိ LUCKY BIRD Showroom တည်ရှိရာ နေရာများတွင် ဝယ်ယူရရှိနိုင်ပြီး TOSHIBA မှကောင်းမွန်စွာ Well Train ကျွမ်းကျင်ဝန်ထမ်းများက Service Support ပေးရန် အသင့်ရှိကြောင်း သိရသည်။

LUCKY BIRD Showroom (နေပြည်တော်)နှင့် TOSHIBA Authorized Sales & Service Center (နေပြည်တော်) ဖွင့်လှစ်ခြင်း အထိမ်းအမှတ် အထူးအစီအစဉ်အနေဖြင့် Notebook, Projector, Copier များ ဝယ်ယူသူများအား Printer တစ်လုံးလက်ဆောင်ပေးပြီး ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများကို Up to Half Price Sales ဖြင့် ရောင်းချပေးနေကြောင်းနှင့် ဝယ်ယူလိုသူများအနေဖြင့် LUCKY BIRD Showrooomများ တည်ရှိရာ အနောက်မြောက်အပိုင်း သပြေကုန်းဈေး နေပြည်တော် ဖုန်း- ၀၆၇-၄၁၄၁၁၃၊ အမှတ်(၃၅၅) သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန် ဖုန်း-၂၄၈၁၆၇၊ ၃၇၉၈၇၅၊ အမှတ်(၅)၊ ၂၆-လမ်း၊ ၇၈ လမ်းနှင့် ၇၉ လမ်းကြား မန္တလေး ဖုန်း-၂၁၅၇၀၊ ၀၉၈၀-၂၂၀၂၅ တို့သို့ ဆက်သွယ် ဝယ်ယူနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၆-၂-၂၀၀၉ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီးပြိုင်ပွဲ အစီအစဉ်
၇း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြား သတင်း
၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၈း၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
၈း၁၆ ၁၂။ ပြီးပါပြီ။

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ မျိုးချစ်တပ်မတော်
၄း၁၅ ၄။ အမျိုးသားရေးတေးကဗျာ
၄း၂၀ ၅။ ကြည်ညိုသဒ္ဓါပွား မဟာအံ့ထူးကံသာဘုရား
၄း၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
၄း၃၅ ၇။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီးပြိုင်ပွဲ အစီအစဉ်
၄း၄၀ ၈။ ၂၀၀၉ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု သင်ခန်းစာ(ဓာတုဗေဒ)
၅း၁၀ ၉။ မြတ်နိုးကြစေ အမျိုးသားအမွေ
၅း၂၀ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြား သတင်း
၆း၁၀ ၁၂။ နိုင်ငံတကာသတင်း
၆း၂၀ ၁၃။ အမျိုးသားရေးတေးကဗျာ
၆း၂၅ ၁၄။ **ကာတွန်းအစီအစဉ် -လူစွမ်းကောင်းလေးလူဆာ (အပိုင်း-၂၅)**
၆း၄၅ ၁၅။ လျှပ်တစ်ပြက်ရိုက်ချက်
၇း၀၀ ၁၆။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ကျွန်တော့်ချစ်သူ (အပိုင်း-၉)**
၈း၀၀ ၁၇။ မြဝတီရုပ်မြင်သံကြား သတင်း
၁၈။ မိုးလေဝသသတင်း
၁၉။ အမျိုးသားရေးတေးကဗျာ
၂၀။ အနုပညာရှင်၏ တစ်နေ့တာ
၂၁။ ကုန်သွယ်သုတ
၂၂။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၃။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ဒဏ္ဍာရီထဲက ပုံပြင်လေးတစ်ပုဒ် (အပိုင်း -၂၄)**
၂၄။ သင့်အတွက်မနက်ဖြန်
၂၅။ အပိတ်နှုတ်ဆက်စကား
၂၆။ ပြီးပါပြီ။

ဉပ္ပါတသန္တိစေတီတော်မြတ်ကြီးအတွက် ရတနာပစ္စည်းများနှင့် ရွှေပြားများ ပူဇော်လှူဒါန်းနိုင်ရန် အသိပေးနှိုးဆော်ခြင်း

ရဟန်းရှင်လူ ပြည်သူများ ဖူးမြော်ကြည်ညိုနိုင်ရန်အတွက် ဉာဏ်တော် ၃၂၅ ပေရှိ **“ဉပ္ပါတသန္တိစေတီတော်မြတ်ကြီး”**အား နေပြည်တော်၌ တည်ထားပူဇော်လျက်ရှိပါသည်။

၎င်းစေတီတော်မြတ်ကြီးတွင် တင်လှူပူဇော်မည့် စိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့အား ဖေဖော်ဝါရီလ ၂၁ရက်နေ့မှစတင်၍ နေပြည်တော် ဉပ္ပါတသန္တိစေတီတော် ကုန်းတော်ရှိ ဓမ္မာရုံ၌ ကိန်းဝပ်ပူဇော်ခံလျက်ရှိပါသည်။

လှူဒါန်းနိုင်

စေတီတော်မြတ်ကြီးအတွက် ရတနာပစ္စည်းများနှင့်ရွှေပြားများအား အောက်ပါအတိုင်း ပါဝင်လှူဒါန်းနိုင်ပါသည်-

(၁)	စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တွင် ထည့်သွင်းပူဇော်ရန် ရတနာပစ္စည်းများ	ကိုယ်တိုင်ကိုယ်ကျ ထည့်သွင်းပူဇော်နိုင်ရန် ပန်းထိမ်အဖွဲ့များ တစ်ပါတည်း ထားရှိပေးမည်။	
(၂)	ငှက်ပျောဖူးတော်တွင် ကပ်လှူရန်ရွှေပြား (၁ပေ× ၁ပေ)	၂၉၆၄ ချပ် ၁ ချပ်	ကျပ် ၁၆၂၀၀၀၀ နှုန်း
(၃)	ကြာနှင့်ရွဲများတွင် ကပ်လှူရန် ရွှေပါးလွှာ (၁ပေ× ၁ပေ)	၄၂၀၈ ချပ် ၁ ချပ်	ကျပ် ၅၈၀၀၀၀ နှုန်း

ဆက်သွယ်နိုင်

စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တွင် ရတနာပစ္စည်းများ ထည့်သွင်းပူဇော်လှူဒါန်းလိုသူများသည် ဉပ္ပါတသန္တိစေတီတော်ကုန်းတော် ဓမ္မာရုံရှိ ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီသို့ ဆက်သွယ်၍ ပူဇော်လှူဒါန်းနိုင်ပါသည်။

ရွှေပြားနှင့် ရွှေပါးလွှာများ လှူဒါန်းလိုသူများသည် ဉပ္ပါတသန္တိစေတီတော် ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ အတွင်းရေးမှူး ဖုန်း-၀၆၇-၄၁၄၂၀၅၊ ၄၁၄၂၀၂၊ ၄၁၄၂၀၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနသို့ ဂျပန်နိုင်ငံ မစ်ဆူဘီရှီကော်ပိုရေးရှင်းမှ ကြိမ်နှုန်းမြင့်အသံလွှင့်၊ အသံဖမ်းစက် အလုံး ၄၀ ပေးအပ်လှူဒါန်း

နေပြည်တော် ဖေဖော်ဝါရီ ၂၅

ရန်ကုန်မြို့အခြေစိုက် ဂျပန်နိုင်ငံ မစ်ဆူဘီရှီ ကော်ပိုရေးရှင်းမှ ပို့ဆောင်ရေးဝန်ကြီးဌာန မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှု ဦးစီးဌာနသို့ KENWOOD အမျိုးအစား ကြိမ်နှုန်းမြင့် အသံလွှင့်၊ အသံဖမ်းစက် အလုံး ၄၀ ပေးအပ်လှူဒါန်းပွဲကို ယနေ့နံနက်စနာရီခွဲတွင် နေပြည်တော်ရှိ ပို့ဆောင်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားသို့ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ ပို့ဆောင်ရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ နှင့် တာဝန်ရှိသူများ၊ မစ်ဆူဘီရှီကော်ပိုရေးရှင်းမှ အထွေထွေ မန်နေဂျာ Mr. K. Karagiriနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အထွေထွေမန်နေဂျာ Mr. K. Karagiri က ကြိမ်နှုန်းမြင့် အသံလွှင့်၊ အသံဖမ်းစက် အလုံး ၄၀ လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ဝန်ကြီးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ဆက်လက်၍ အထွေထွေမန်နေဂျာ Mr. K. Karagiri က ကြိမ်နှုန်းမြင့် အသံလွှင့်၊ အသံဖမ်းစက် အလုံး ၄၀ ကို မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနသို့ ပေးအပ်လှူဒါန်းရာ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ထွန်းလွင်က လက်ခံသည်။

ထို့နောက် ဝန်ကြီးသည် မစ်ဆူဘီရှီ ကော်ပိုရေးရှင်းမှ လှူဒါန်းသည့် ကြိမ်နှုန်းမြင့် အသံလွှင့်၊ အသံဖမ်းစက် အလုံး ၄၀ ကို ကြည့်ရှုစစ်ဆေးရာ အထွေထွေ မန်နေဂျာက ရှင်းလင်းပြသသည်။

ယင်းကြိမ်နှုန်းမြင့်အသံလွှင့်၊ အသံဖမ်းစက်များကို မြန်မာ့ကမ်းရိုးတန်းဒေသများဖြစ်သော ရခိုင်ပြည်နယ်၊ ဧရာဝတီတိုင်း၊ ရန်ကုန်တိုင်း၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းအတွင်းရှိ မိုးလေဝသနှင့် ဇလဗေဒစခန်းများတွင် တိုးချဲ့တပ်ဆင်သွားမည်ဖြစ်သည်။

ကြိမ်နှုန်းမြင့် အသံလွှင့်၊ အသံဖမ်းစက်များ တပ်ဆင်ခြင်းအားဖြင့် နေ့စဉ် မိုးလေဝသ အချက်အလက်များကို နေပြည်တော်၊ ရန်ကုန်ရှိ ခန့်မှန်းရေးဗဟိုဌာနများသို့ အချိန်နှင့်တစ်ပြေးညီ ဆက်သွယ် သတင်းပေးပို့နိုင်မည့်အပြင် ဆိုးရွားသည့် မိုးလေဝသအခြေအနေများ၊ ဆိုင်ကလုန်းမုန်တိုင်း၊ မုန်တိုင်းဒီရေ၊ ရေကြီးခြင်းနှင့် ဆူနာမီလှိုင်း ဖြစ်ပေါ်ခြင်းစသည့် သဘာဝ ဘေးအန္တရာယ်များအတွက် သတိပေးချက်များ ထုတ်ပြန်ပေးသည့် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာန၏ ကြိုတင်သတိပေးစနစ်ကိုလည်း ထိရောက်စွာအထောက်အကူပြုစေမည်ဖြစ်ကြောင်းသတင်းရရှိသည်။

(သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ ရန်ကုန်မြို့ အခြေစိုက် ဂျပန်နိုင်ငံ မစ်ဆူဘီရှီကော်ပိုရေးရှင်းမှ မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှု ဦးစီးဌာနသို့ လှူဒါန်းသည့် KENWOOD အမျိုးအစား ကြိမ်နှုန်းမြင့် အသံလွှင့်၊ အသံဖမ်းစက်များကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

မြန်မာနိုင်ငံဗိသုကာအသင်း ပညာရပ်ဆိုင်ရာဟောပြောမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၅

မြန်မာနိုင်ငံ ဗိသုကာအသင်းမှ ပညာရပ်ဆိုင်ရာဟောပြောပွဲ(၁/၂၀၀၉)ကို မတ် ၁ ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း အဆောက်အအုံ (လှိုင်နယ်မြေဝင်း)၌ ကျင်းပမည်ဖြစ်ရာ ဗိသုကာဦးသော်က Construction Management နှင့် ဗိသုကာ ဦးမော်လင်းက An Introduction to Modern and Post Modern Architecture တို့ကို ဟောပြောမည်ဖြစ်သည်။ C.P.D talk ဖြစ်သဖြင့် Registered Architectများ မပျက်မကွက် တက်ရောက်ရန်နှင့် စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ပြီး အသေးစိတ်သိရှိလိုပါက အထွေထွေအတွင်းရေးမှူး ဒေါ်မိုးမိုးလွင် ဖုန်း - ၀၉၈၇၆၃၅၀၀သို့ လည်းကောင်း၊ ရုံးအဖွဲ့မှူး ဒေါ်နီလာကျော် ဖုန်း - ၀၉၅၁၁၆၉၈၂သို့ လည်းကောင်း ဆက်သွယ် စုံစမ်းနိုင်ကြောင်းသိရသည်။

(ကြေးမုံ)

မြောက်ပိုင်းစွန်းဒေသများ နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်

ရန်ကုန် ဖေဖော်ဝါရီ ၂၅

ယနေ့နံနက် ၉နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄နာရီအတွင်းက ကချင်ပြည်နယ်တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာခဲ့ပြီး ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ကာ ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် အများအားဖြင့် သာယာခဲ့သည်။ **ညအပူချိန်များမှာ** ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ မန္တလေးတိုင်းနှင့် ပဲခူးတိုင်းတို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်ထိ ပိုခဲ့ကာ ကျန်ဒေသများတွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ **ထူးခြားသည့်ညအပူချိန်များမှာ** နမ့်စန်မြို့တွင် ၄ဒီဂရီစင်တီဂရိတ်ဖြစ်သည်။ **မှတ်သားဖွယ်ရာမိုးရေချိန်များမှာ** ပူတာအိုမြို့နှင့် မချမ်းဘောမြို့တို့တွင် ၀ဒသမ ၂၇လက်မစီတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ ။ ။ ကပ္ပလီပင်လယ်ပြင်တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေပြီး ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

ဖေဖော်ဝါရီ၂၆ရက်ညနေထိခန့်မှန်းချက် ။ ။ ကချင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား မိုးအနည်းငယ် ရွာဖွယ်ရာရှိပြီး ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းကာ ကျန်ဒေသများတွင် အများအားဖြင့် သာယာမည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် ။ ။ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက် ။ ။ မြန်မာနိုင်ငံ မြောက်ပိုင်းစွန်းဒေသများတွင် နေရာကွက်ကျား မိုးအနည်းငယ် ဆက်လက်ရွာနိုင်သည်။

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့်သာယာမည်။
ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့်သာယာမည်။
မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့်သာယာမည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ

အမြင့်ဆုံးအပူချိန်

၃၆ ဒသမ ၅ဒီဂရီစင်တီဂရိတ် (၉၈ ဒီဂရီဖာရင်ဟိုက်)	၂၄-၂-၂၀၀၉

အနိမ့်ဆုံးအပူချိန်

၁၈ ဒသမ ၀ ဒီဂရီစင်တီဂရိတ် (၆၄ ဒီဂရီဖာရင်ဟိုက်)	၂၅-၂-၂၀၀၉
၉း၃၀ နာရီအချိန် စိုထိုင်းဆ ၇၆ ရာခိုင်နှုန်း	၂၅-၂-၂၀၀၉
နေပူသည့်နာရီပေါင်း ၈ ဒသမ ၄ နာရီခန့်	၂၄-၂-၂၀၀၉

မြစ်ရေနည်းမည့်အခြေအနေ ထုတ်ပြန်

နေပြည်တော် ဖေဖော်ဝါရီ ၂၅

ချင်းတွင်းမြစ်ရေသည် မုံရွာမြို့၌ ယနေ့တိုင်းထွာချက်အရ ယင်းမြို့၏ ရေနည်းသတိပေးမှတ် (၁၀၀) စင်တီမီတာအောက်သို့ ရောက်ရှိနေပြီး မတ်လ ပထမ ဆယ်ရက်ပတ်အထိ ရေနည်းသတိပေးမှတ်အောက်တွင် ဆက်လက်တည်ရှိနိုင်သည်။

ဧရာဝတီမြစ်ရေသည် ညောင်ဦးမြို့၌ ယနေ့တိုင်းထွာချက်အရ ယင်းမြို့၏ ရေနည်းသတိပေးမှတ် (၁၀၂၀) စင်တီမီတာအောက်သို့ ရောက်ရှိနေပြီး မတ်လပထမ ဆယ်ရက်ပတ်အထိ ရေနည်းသတိပေးမှတ်အောက်တွင် ဆက်လက်တည်ရှိနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အမှာစကားပြောကြား

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေ ရန်ကုန်မြို့ သန့်ရှင်းသာယာလှပရေးနှင့် အဆင့်မြှင့်တင်ရေး ဦးစီးကော်မတီ အစည်းအဝေး(၃/၂၀၀၉)တွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

တိုင်းရင်းဆေးတက္ကသိုလ်

တိုင်းရင်းဆေးပညာများ ဖြန့်ဖြူးပေးရာ၊ **တိုင်းရင်းဆေး သမားတော်ကောင်းများ မွေးထုတ်ပေးရာ တိုင်းရင်းဆေးတက္ကသိုလ်ကြီးကို ခံ့ညားထည်ဝါစွာ တွေ့ရစဉ်။**

ရန်ကုန်မြို့ကို မြို့အင်္ဂါရပ်နှင့်အညီ သန့်ရှင်းသာယာလှပပြီး အဆင့်မြှင့်တင်ရန်လို ဒေသအာဏာပိုင်များ၊ ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများနှင့် ပြည်သူများက ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီနှင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်

ရန်ကုန် ဖေဖော်ဝါရီ ၂၅

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယနေ့ မွန်းလွဲ ၂နာရီခွဲတွင် မြို့တော်ခန်းမရှိ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ အစည်းအဝေးခန်းမ၌ကျင်းပသည့် ရန်ကုန်မြို့ သန့်ရှင်းသာယာလှပရေးနှင့် အဆင့်မြှင့်တင်ရေးဦးစီးကော်မတီ အစည်းအဝေး(၃/၂၀၀၉)သို့ တက်ရောက် အမှာစကားပြောကြားသည်။

ရှေးဦးစွာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက အမှာစကားပြောကြားရာ၌ ရန်ကုန်မြို့ကို မြို့အင်္ဂါရပ်နှင့်အညီ သန့်ရှင်းသာယာလှပပြီး အဆင့်မြှင့်တင်ရန်လိုကြောင်း၊ သန့်ရှင်းပြီးအမြဲစိမ်းလန်းကာ ကျန်းမာရေးနှင့်ညီညွတ်သောမြို့ဖြစ်ရန် ဒေသအာဏာပိုင်များ၊ ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများနှင့် ပြည်သူများက ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီနှင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရန်လိုအပ်ကြောင်း ပြောကြားသည်။ **စာမျက်နှာ ၃ ကော်လံ ၁ သို့** ❁

ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍတွင် အထောက်အကူပြု မြန်မာ့တိုင်းရင်းဆေးပညာ ဆပွားတိုးတက်မြင့်မားလာ

သတင်းဆောင်းပါး-ဝင်းနိုင်(ကြေးမုံ)၊ ဓာတ်ပုံမှတ်တမ်း-ဌေးအောင်(ကြေးမုံ)

နံနက်ခင်း၏နေခြည်အောက် ကျိုးရေပြင်ကိုဖြတ်တိုက်လာသော လေနုအေးကိုရှူရှိုက်ရင်း ကြေးမုံသတင်းအဖွဲ့ မန္တလေးတိုင်းရင်းဆေးတက္ကသိုလ်ဆီသို့ ခရီးနှင်ခဲ့သည်။ လမ်း၏ညာဘက်လမ်းခရီးတွင် ကိုယ့်ထီး၊ ကိုယ့်နန်း၊ ကိုယ့်ကြငှာန်းဖြင့် ဝင့်ထည်မြင့်မား ဂုဏ်ကြီးမားခဲ့သည့် သူရဲခို၊ ပြအိုးနှင့်နန်းမြို့ရိုးကြီး၊ အခြားတစ်ဖက်မှာကား ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတစ်ခု၏ တိုးတက်ပြောင်းလဲလာသော ခေတ်မီလူနေတိုက်တာ အဆောက်အအုံများ၊ ညီညာပြန့်ပြူးသန့်ရှင်းသပ်ရပ်သော လမ်းမများ၊ ရတနာပုံတိရစ္ဆာန်ဥယျာဉ်၊ မန်းတောင်အားကစားကွင်း၊ မန္တလေးတောင်တော်တို့ကို ဖြတ်သန်းခဲ့ပြီးနောက် မန္တလေးတိုင်းရင်းဆေးတက္ကသိုလ်ကြီးကို ခံ့ညားထည်ဝါစွာ တွေ့မြင်လိုက်ရသည်။ မန္တလေးတောင်တော်နှင့် တိုင်းရင်းသား ပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုပေးမည့် တိုင်းရင်းဆေးပညာများဖြန့်ဖြူးပေးရာ တိုင်းရင်းဆေးသမားတော်ကောင်းများ မွေးထုတ်ပေးရာ တိုင်းရင်းဆေးတက္ကသိုလ်ကြီးမှာ အလွန်လိုက်ဖက် တင့်တယ်လှသည်။ **စာမျက်နှာ ၁၀ ကော်လံ ၁ သို့** ✳

အင်တာနက်ဗီဝသိပ္ပံသတင်း

ဘာသာပြန် - စံစံ

ဂရေးနပ်စ် ငါးမန်းမျိုးအတွက် သားအိမ်တု တည်ဆောက်မည်

ကင်ဘာရာ ဖေဖော်ဝါရီ ၂၅

မျိုးသုဉ်းမည့်အန္တရာယ် ကျရောက်နေသော ဂရေးနပ်စ် (Grey nurse) အမျိုးအစား ငါးမန်းအတွက် သားအိမ်အတုတည်ဆောက်ပေးနိုင်ရန် ဩစတြေးလျသိပ္ပံပညာရှင်တစ်ဦးက ကြိုးပမ်းလျက်ရှိကြောင်း ယနေ့ အင်တာနက်သတင်းတွင် ဖော်ပြသည်။

ဂရေးနပ်စ်အမျိုးအစား ငါးမန်းသတ္တဝါမှာ သားပေါက်မှု နည်းပါးသော ငါးမန်းမျိုးဖြစ်သည်။ ဂရေးနပ်စ် ငါးမန်းမသည် တစ်ကြိမ်ဥဖီးကပ်လျှင် သန္ဓေသားကောင်ရေ ၄၀ အထိ ထုတ်လုပ်ပေးနိုင်စွမ်းရှိသည်။ သို့ရာတွင် ယင်းငါးမန်းမ၏ သားအိမ်နှစ်ခုအတွင်း သန္ဓေသားများ တည်ရှိနေချိန်မှာပင် အင်အားအကြီးဆုံး သန္ဓေသားက ၄င်း၏ မွေးချင်း သန္ဓေသားငယ်များကို စားသောက်ပစ်လေ့ရှိသဖြင့် နောက်ဆုံးတွင် သားအိမ်အတွင်း သန္ဓေသားတစ်ကောင်သာလျှင် ကျန်ရှိတော့ကြောင်း၊ ဤသို့ဖြင့် ဂရေးနပ်စ် ငါးမန်းမသည် တစ်ကြိမ်လျှင် နှစ်ကောင်သာ ပေါက်ဖွားစေနိုင်ကြောင်း သိပ္ပံပညာရှင် နစ်အောက်ဝေးက ပြောကြားသည်။ **စာမျက်နှာ ၃ ကော်လံ ၁ သို့** ❖

မျိုးသုဉ်းမည့်အန္တရာယ် ကျရောက်နေသော ဂရေးနပ်စ် အမျိုးအစား ငါးမန်းတစ်ကောင်ကို တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)